မြန်မာ့အလင်း

အတွဲ (၅၄) အမှတ် (၁၄၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ စနေနေ့။

တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ တခြား အကွဲကွဲ အပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့လေဆိပ်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် ဟားခါးမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပသည့် ဝမ္မသူမောင် အားကစားကွင်းသို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိရာ နိုင်ငံတော်သမ္မတအား ပြည်နယ်ဝန်ကြီးချုပ်က ချင်းတိုင်းရင်းသားရိုးရာ အင်္ကျီ၊ ခေါင်းပေါင်း၊ လွယ်အိတ်နှင့် ရိုးရာဓားတို့ကို ဂါရဝပြုဝတ်ဆင်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီမှတာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိနေကြသည့် တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များက သောင်းသောင်းဖြဖြကြိုဆိုကြရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့က ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ချင်းရိုးရာ ဘွေ့တိုင်(ခေါ်) အကြီးအကဲတိုင်အား စိုက်ထူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို တက်ရောက်လာကြသူများနှင့် အတူတကွ တပျော်တပါး ပါဝင်ဆင်နွှဲသည်။

ထို့နောက် ချင်းအမျိုးသားနေ့ကျင်းပရေး ကော်မတီဝင်များအား နိုင်ငံတော်သမ္မတက အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် တက်ရောက်လာကြသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်အား ပြည်နယ်ဝန်ကြီးချုပ်က ချင်းတိုင်းရင်းသား ရိုးရာ အင်္ကျီ၊ ခေါင်းပေါင်း၊ လွယ်အိတ်နှင့် ရိုးရာဓားတို့ကို ဂါရဝပြုဝတ်ဆင်ပေးစဉ်။ (သတင်းစဉ်)

FBI ၏ ကွန်ပျူတာအချက်အလက်များ ရယူနိုင်သည့် အစီအစဉ် ဂူဂဲလ်သတိပေး

စာမျက်နှာ » ၄

ကျွန်တော်လည်း ဆန္ဒပြုလိုပါသည်

ဆောင်းပါး

စာမျက်နှာ » ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေး စီစဉ်ထားရှိ

စာမျက်နှာ » ၁၀

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာနိုင်ငံနှင့် အီဘိုလာကာကွယ်ရေး

အီဘိုလာရောဂါသည် ၂၀၁၄ ခုနှစ် မတ်လတွင် အာဖရိက အနောက်ပိုင်းဒေသဂီနီနိုင်ငံမှစတင်ကာ ကပ်အသွင်ဖြစ်ပွားခဲ့ရာ အခြားအာဖရိကနိုင်ငံများဖြစ်သည့် လိုက်ဘေးရီးယား၊ နိုင်ဂျီးရီးယားနှင့် ဆီယာရာလီယွန်နိုင်ငံတို့အပြင် စပိန်နှင့်အမေရိကန်နိုင်ငံတို့၌ပါ ပျံ့နှံ့ဖြစ်ပွားခဲ့ပါသည်။ သို့သော် အာဖရိကနိုင်ငံများ၌သာ အဆိုးရွားဆုံးဖြစ်ပွားခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၈-၂-၂၀၁၅ ရက်နေ့အထိ ထုတ်ပြန်ချက်အရ ဤရောဂါကူးစက်ခံရသူ ၂၂၈၉၄ ဦးရှိပြီး သေဆုံးသူ ၉၁၇၇ ဦးရှိကြောင်းသိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ အီဘိုလာရောဂါသည် ထိန်းချုပ်ရန်ခက်ခဲပြီး ရောဂါပိုးရှိသောလူနာ၏ ခန္ဓာကိုယ်မှထွက်သောအရည်များဖြစ်သည့် တံတွေး၊ သလိပ်၊ သွေးတို့ကို တိုက်ရိုက်ထိတွေ့ကိုင်တွယ်မှုကြောင့် အဓိကကူးစက်ပြန့်ပွားခြင်းဖြစ်ကြောင်း သိရသည်။ ဤရောဂါသည် ဆားစ်၊ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) နှင့် ကမ္ဘာ့လူတုပ်ကွေး (H7N9) ရောဂါများကဲ့သို့ လေထုထဲမှပျံ့နှံ့ကူးစက်ခြင်းမရှိပေ။ အီဘိုလာဗိုင်းရပ်စ် (Ebola Virus) ကူးစက်ခံရသူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမိမှသာလျှင် ရောဂါကူးစက်ခံရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များနှင့်အညီ အီဘိုလာရောဂါကာကွယ်ရေး ကျန်းမာရေးဝန်ကြီးဌာနမှဦးဆောင်လျက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အစီအမံများချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါထောက်လှမ်းရေးအနေဖြင့် ကူးစက်မြန် အီဘိုလာဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို နိုင်ငံတကာဝင်ပေါက်၊ ထွက်ပေါက်များဖြစ်သည့် လေဆိပ်၊ ရေဆိပ်များ၊ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်ထွက်ပေါက်များတွင် ကျန်းမာရေးဝန်ထမ်းများအား တာဝန်ချထားဆောင်ရွက်လျက်ရှိပါသည်။

အကယ်၍ သံသယရှိ အီဘိုလာရောဂါကူးစက်ခံရသူတွေ့ရှိပါကလည်း သွေးနမူနာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ဓာတ်ခွဲခန်းများသို့ လေကြောင်းခရီးဖြင့်ပို့ဆောင်စစ်ဆေးမှုပြုလုပ်ရမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံတွင် အီဘိုလာစစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်းမရှိသေးပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ ဇီဝလုံခြုံမှုအဆင့်(၄)ရှိသော ဓာတ်ခွဲခန်းများ၌သာ အီဘိုလာရောဂါကိုစစ်ဆေးနိုင်မည်ဖြစ်ပါသည်။

ဤသို့အီဘိုလာစစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်းသည် ရောဂါပိုးထိန်းချုပ်မှုလုပ်ငန်းများ တင်းကျပ်စွာဆောင်ရွက်ရန်လိုအပ်ခြင်း၊ ငွေကြေးမြောက်မြားစွာကုန်ကျမှုရှိခြင်းတို့ကြောင့် တည်ဆောက်ထားရှိရန် အခက်အခဲများရှိပါသည်။ သို့သော်လည်း ဓာတ်ခွဲခန်းနှင့် ရောဂါထောက်လှမ်းရေးအရည်အသွေးမြှင့်တင်ရန် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနအား ဇီဝလုံခြုံမှုအဆင့်(၂+) မှ အဆင့်(၃)အထိရရှိအောင်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောဓာတ်ခွဲခန်းပစ္စည်းများနှင့် နည်းပညာဖြည့်ဆည်းရေးဆိုင်ရာ ကိစ္စတို့အား အသေးစိတ်လုပ်ငန်းစီမံချက်ရေး ဆွဲဆောင်ရွက်လျက်ရှိပါသည်။

သွေးနမူနာပေးပို့စစ်ဆေးခြင်း လုပ်ငန်းများအတွက် နိုင်ငံတကာ လေကြောင်းလိုင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံနှင့်ကျေးလက်ဒေသများမှ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပေးခြင်း၊ လမ်းညွှန်ချက်များဖြန့်ဝေခြင်း၊ ပြည်သူလူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုလည်း ပြုလုပ်လျက်ရှိပါသည်။ သို့ပါ၍ အီဘိုလာနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ကာကွယ်ရေးအစီအမံများ ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

ပြည်တွင်းသတင်း

တပ်မတော်သားများအားရည်စူး၍လှူဒါန်းအမျှဝေ၊ အေးချမ်းသာယာရေးဆုတောင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘာသာရေး၊ လူမှုရေး၊ ပရဟိတအဖွဲ့များပူးပေါင်း၍ ရှမ်းပြည်နယ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တိုင်းပြည်အတွက် အသက်ပေး၍ တိုက်ပွဲဝင်ခဲ့ကြသည့် တပ်မတော်သား ကျဆုံးစစ်သည်တော်များအား ရည်စူး၍ လှူဖွယ်ပစ္စည်းများဆက်ကပ်ခြင်းနှင့် ရေစက်ချအမျှဝေခြင်း၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း အေးချမ်းစေရေးမေတ္တာပို့သခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၇ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ကျင်းပရာ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များထံ ချစ်ကြည်ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပရဟိတအဖွဲ့မှ ဦးသွင်စစ်မာန်အောင်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်ကြီးများဦးဆောင်၍ ပြည်သူများက သပြေပန်းများကိုင်ဆောင်ပြီး ကိုးကန့်ဒေသ အေးချမ်းသာယာစေရေးအတွက် ရည်ရွယ်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ စီတန်းလှည့်လည်ကာ အနောက်-မြောက်ထောင့်ရှိ အောင်မြေတွင် ဆုတောင်းမေတ္တာများပို့သသည်။

အဆိုပါ ဆုတောင်းမေတ္တာပို့သခြင်းအခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များ၊ ချစ်ကြည်ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပရဟိတအဖွဲ့မှ ဦးသွင်စစ်မာန်အောင်နှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အများပြည်သူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

တပ်မတော်သားများအတွက်အလှူငွေပေးအပ်

မကွေး ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီခွဲက လောက်ကိုင်ဒေသတွင် နိုင်ငံတော်တာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ရင်း ကျဆုံး၊ ဒဏ်ရာရ စစ်သည်မိသားစုများနှင့် စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်ပွဲကို ကျင်းပသည်။

အလှူငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ပြဇာတ်ကြီးတပ်စုမှ အဆို၊ အက၊ ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မကွေးတိုင်းဒေသကြီးမှ လောက်ကိုင်ဒေသတွင် နိုင်ငံတော်တာဝန်များကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်ရင်း ကျဆုံး၊ ဒဏ်ရာရစစ်သည်မိသားစုများနှင့် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအတွက် အလှူငွေများကို မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ အလှူငွေကျပ် သိန်း ၂၅၀၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လင်းအောင်မိသားစုမှ ငွေကျပ် ၂၈၅၀၀၀၊ မကွေးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ငွေကျပ် ၁၀ သိန်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင် မိဘပြည်သူများက လှူဒါန်းငွေကျပ် ၁၀၁ သိန်းကို အလှူရှင်များ ကိုယ်စား Mobile Money မှ ဦးတင်ဝင်းမောင်ကလည်းကောင်း၊ ဦးတင်ဝင်းမောင် Mobile Money မိသားစုမှ ငွေကျပ် ၁၀ သိန်း၊ ဦးထွန်းကျော်သူ မိသားစုမှ ငွေကျပ် ၁၀ သိန်းအပါအဝင် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်များမှ စုစုပေါင်း လှူဒါန်းငွေကျပ် ၃၈၇ သိန်းကို ပေးအပ်လှူဒါန်းသည်။

လှူဒါန်းကြသော စေတနာရှင်များအား မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် အောင်စန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **ခင်မာလာ(မကွေး)**

ဖေဖော်ဝါရီ ၂၀ ရက်က ဂျပန်နိုင်ငံမှ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) သို့ စာအုပ်လှူဒါန်းခြင်းကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင်ကျင်းပရာ ဂျပန်နိုင်ငံ တိုကျိုမြို့ Otsuma Women's University Chief Researcher Dr. Atsukosaito နှင့်အဖွဲ့က စာအုပ် ၁၅၅ အုပ်၊ စီဒီခုနစ်ချပ်နှင့် စာအုပ်ထည့်ရန် ဗီရိုတစ်လုံးတို့ကို လာရောက်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က လက်ခံယူစဉ်။ (သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၇၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၆
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၅
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၃၂-၁၀၃၆
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၈၀၀၀-၁၈၅၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၄၃
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၃၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၂၁၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၇၅-၁၄၉၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၆၀-၆၃၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၆၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၁၀၀-၅၅၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

ပြည်တွင်းသတင်း

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ထိခိုက်ဒဏ်ရာရ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လောက်ကိုင်ဒေသဖြစ်စဉ်ကြောင့် တိမ်းရှောင်လာသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှအထူး လေယာဉ်ဖြင့် လားရှိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် လတ်တလောကာလ အတွင်း လောက်ကိုင်ဒေသတိုက်ပွဲ များတွင် နိုင်ငံတော်အတွက် ရဲဝံ့ စွန့်စားစွာ တိုက်ပွဲဝင်ကာကွယ်ခဲ့ရာ မှ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များ နှင့် မိသားစုဝင်များအား လားရှိုး တပ်နယ်ရှိ တပ်မတော်ဆေးရုံ၌ သွား ရောက်တွေ့ဆုံ အားပေးစကားပြော ကြားပြီး ဂုဏ်ပြုငွေနှင့် လက်ဆောင် ပစ္စည်း၊ စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ဒုတိယသမ္မတနှင့် အဖွဲ့သည် လားရှိုးမြို့ ပြည်သူ့ဆေးရုံ ကြီး၌ လောက်ကိုင်ဒေသတိုက်ပွဲများ ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီ အသင်းဝင်များနှင့် ဒေသခံပြည်သူများ အား ရင်းနှီးနွေးထွေးစွာ အားပေး စကားပြောကြားပြီး ဂုဏ်ပြုငွေ၊ အဝတ်အထည်များ၊ အာဟာရ ဖြည့်စွက်စာများကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသမှ တိုက်ပွဲရှောင်လာသည့် ကျန်းမာရေးဝန်ထမ်းများအား မြန်မာ နိုင်ငံဆရာဝန်များအသင်း ရုံးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ တိုက်ပွဲရှောင် လာသည့် ကျန်းမာရေးဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ စားဝတ်နေ ရေးနှင့် ခေတ္တတည်းခိုနေထိုင်ရေး စီစဉ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှ တိုက်ပွဲရှောင်လာသည့် လောက် ကိုင်၊ ကုန်းကြမ်း၊ တာရှေထန်နှင့် မော် ထိုက် ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများနှင့် မိသားစု များအတွက် နိုင်ငံတော်ကချီးမြှင့်သည့် ငွေကျပ် သိန်း ၂၄၀ နှင့် ၇ သောင်း ကို လည်းကောင်း၊ ဒုတိယသမ္မတ မိသားစုက ချီးမြှင့်ငွေကျပ်သိန်း ၅၀တို့ ကို လည်းကောင်းပေးအပ်ရာ တာဝန် ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မြင့်၊ ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင် ချစ်၊ အမှတ်(၁) ဆေးတက္ကသိုလ်နှင့် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်တို့မှ ဆရာဆရာမများကလည်း ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တိုက်ပွဲ ရှောင်လာသည့် ကျန်းမာရေးဝန်ထမ်း များနှင့် မိသားစုများအတွက် အလှူ ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် တိုက်ပွဲတိမ်းရှောင် လာသည့် ကျန်းမာရေးဝန်ထမ်းများက တိမ်းရှောင်စဉ် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် မိမိတို့၏လိုအပ် ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယနေ့တွေ့ဆုံပွဲတွင် နိုင်ငံတော် အစိုးရနှင့် စေတနာရှင်ပြည်သူများက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ မှ တိုက်ပွဲရှောင်လာသည့် ကျန်းမာရေး ဝန်ထမ်းများအတွက် စုစုပေါင်း အလှူ ငွေကျပ် ၃၃၉ သိန်း လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှ တိုက်ပွဲရှောင်လာသည့် ပညာ ရေးဝန်ထမ်းများအား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များ အား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် ပညာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ တိုက်ပွဲရှောင် လာသည့် ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ စားဝတ်နေ ရေးနှင့် ခေတ္တတည်းခိုနေထိုင်ရေးစီစဉ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှ တိုက်ပွဲရှောင်လာသည့် ပညာရေး ဝန်ထမ်းများနှင့် မိသားစုများအတွက် နိုင်ငံတော်ကချီးမြှင့်သည့် ငွေကျပ် ၃၆၇ သိန်းကို လည်းကောင်း၊ လောက်ကိုင်ဒေသတိုက်ပွဲများကြောင့် သေဆုံးခဲ့သည့် ပညာရေးဝန်ထမ်း သုံးဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း ပေးအပ် ရာ တာဝန်ရှိသူများက လက်ခံရယူ ကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မြင့်၊ ဦးဝင်းမြင့်နှင့် ဒုတိယဝန်ကြီးများက ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ တိုက်ပွဲရှောင် လာသည့် ပညာရေးဝန်ထမ်းများနှင့် မိသားစုများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် တိုက်ပွဲတိမ်းရှောင် လာသည့် ပညာရေးဝန်ထမ်းများက တိမ်းရှောင်စဉ် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် မိမိတို့၏လိုအပ် ချက်များကို ရှင်းလင်းတင်ပြသည်။

ယနေ့တွေ့ဆုံပွဲတွင် နိုင်ငံတော် အစိုးရနှင့်စေတနာရှင်ပြည်သူများက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတိုက်ပွဲရှောင်လာသည့် ပညာရေး ဝန်ထမ်းများနှင့် မိသားစုများအတွက် အလှူငွေစုစုပေါင်း ကျပ် ၁၂၆၅၀၀၀၀ နှင့် ငွေကျပ် ၆၁၂၂၈၂၄၉တန်ဖိုးရှိ ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရ သည်။

အဆိုပါတွေ့ဆုံပွဲများ၌ ဒုတိယ သမ္မတက အမှာစကားပြောကြားရာ တွင် ခက်ခဲပြီးဝေးလံခေါင်းပါးသည့် နယ်စပ်ဒေသများ၌ တာဝန်ထမ်း ဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်း များအား နိုင်ငံတော်အနေဖြင့် လေးစားဂုဏ်ယူပါကြောင်း၊ မိမိအနေ ဖြင့် လောက်ကိုင်ဒေသတိုက်ပွဲများ ကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တိုက်ပွဲရှောင်လာသည့် ပြည်သူများ အား တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာ ရောက်ခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်း များ၏ တင်ပြချက်များနှင့် စပ်လျဉ်း ၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဖြည့်ဆည်း ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြင့် ပြောကြားခဲ့သည်။

ညပိုင်းတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ရွှေလီရိပ်သာ၌ လောက်ကိုင်ဒေသတွင် တာဝန်ထမ်း ဆောင်လျက်ရှိသော တပ်မတော်သား များအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားပြုလုပ်ရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ငွေ ကျပ်သိန်း ၃၀၀၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့က ငွေကျပ်သိန်း ၅၀၊ စက်မှု ဝန်ကြီးဌာနမှ ငွေကျပ် ၂၅ သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီး ဌာနတို့က ငွေကျပ် ၁၀ သိန်းစီ၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ စားသောက်ဖွယ် ရာများကို ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွန်း က ကျေးဇူးတင်စကား ပြန်လည်ပြော ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တိမ်းရှောင်လာသည့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

တောင်ရိုးတိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှုစုံညီပွဲတော်ကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၂၀

ဆဋ္ဌမအကြိမ်မြောက် တောင်ရိုးတိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှု စုံညီပွဲတော်ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကလောမြို့နယ် ဟဲဟိုး မြို့ ဘော်နင်းကုန်းကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် စုံညီပွဲတော်သို့ တက်ရောက်လာကြသူများအား တောင်ရိုးတိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာယဉ်ကျေးမှုအဆိုအကများ ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပေးပို့ သော သဝဏ်လွှာကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က ဖတ်ကြား သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ယဉ်ကျေးမှုအကအဖွဲ့များကို အလှူငွေပေးအပ်ပြီး ပွဲတော်အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည် ပေးအပ်ကြသည်။

မောင်မောင်သန်း(တောင်ကြီး)

ပြည်တွင်းသတင်း

မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော ရပိုင်ခွင့်နှင့် အခွင့်အရေးများရရှိရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Hon. Dato' SERI HISHAMMUDDIN TUN HUSSEIN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပင်လယ်ရေကြောင်း လုံခြုံရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မလေးရှားနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် လိုအပ်သည့် အကူအညီများ ပေးအပ်နိုင်ရေး၊ မလေးရှားနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ပြဋ္ဌာန်းထားရှိသည့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော ရပိုင်ခွင့်နှင့် အခွင့်အရေးများရရှိရေးနှင့် လူမှုဘဝလုံခြုံရေးအစီအမံများ ဆောင်ရွက်ပေးရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်နှင့် ဦးသန့်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Hon. Dato' SERI HISHAMMUDDIN TUN HUSSEIN အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးအသိပညာမြှင့်တင်မှု လုပ်ငန်းစဉ်များတွင် ဖွံ့ဖြိုးမှုအကူအညီများပေးအပ်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျာမနီနိုင်ငံ ဟန်းစ်ဆိုက်ဒယ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပါမောက္ခ အာစူလာမင်လာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးရန်ဟူသည့် အဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ဒီမိုကရေစီအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးအသိပညာမြှင့်တင်မှု လုပ်ငန်းစဉ်များတွင် ဖွံ့ဖြိုးမှုအကူအညီများပေးအပ်ရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို နိုင်ငံသားများ ပိုမိုသိရှိနားလည်စေရေး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများပေါ်ထွန်းလာစေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဒေါက်တာတင်ရွှေတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နွေရာသီအထူးရေကူး သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန်ကိုလည်းကောင်း၊ ထူးချွန်ထက်မြက်သော ရေကူးအားကစားသမားများအား ရွေးချယ်ပြီး လက်ရွေးစင်အသင်းများတွင် အခြေခံနိုင်စေရန်လည်းကောင်း ရည်ရွယ်လျက် ၂၀၁၅ ခုနှစ် နွေရာသီအထူး ရေကူးသင်တန်း(၁/၂၀၁၅)ကို မတ် ၁ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိအမျိုးသားရေကူးကန်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အမျိုးသား ရေကူးကန် ဖုန်း ၀၁-၃၈၅၉၂၈၊ ၀၁-၃၇၈၅၅၀ နှင့် ၀၉-၄၂၃၇၄၂၇၈၄ တို့ထံသို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

မာလီသူပုန်နှင့် အစိုးရအပစ်ရပ်ရန် သဘောတူ

ဘာမာကို ဖေဖော်ဝါရီ ၂၀

မာလီအစိုးရက နိုင်ငံမြောက်ပိုင်းတွင် ကာလအတန်ကြာ ဖြစ်ပွားနေသည့် မငြိမ်သက်မှုကို အဆုံးသတ်ရန် သူပုန်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလိုက်ပြီဖြစ်သည်။

ကုလသမဂ္ဂက ကမကထပြုသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းဖြစ် နှစ်ဖက်စလုံးက ရန်လို တိုက်ခိုက်နေမှုများ ချက်ချင်းရပ်ရန် လက်မှတ်ရေးထိုးလိုက်ကြသည်။

အဆိုပါ စာချုပ်ကို တနင်္လာနေ့က အယ်လ်ဂျီးရီးယား၌ စတင်ဆွေးနွေးစဉ် လက်မှတ်ရေးထိုးလိုက်ကြခြင်း ဖြစ်သည်။ ပြင်သစ်နှင့် အာဖရိကတပ်ဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလက မာလီနိုင်ငံ၌ အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော တိုက်ခိုက်ရေးသမားများရှေ့ မတိုးနိုင်ရန် ကြားဖြတ်ဝင်ရောက်တိုက်ခိုက်ပေးခဲ့သည်။

အဆိုပါတပ်များက နိုင်ငံမြောက်ပိုင်းမြို့များမှ သူပုန်များအား မောင်းထုတ်နိုင်ခဲ့သည်။ သို့သော်လည်း တူရက်သူပုန်နှင့် အခြားအစ္စလာမ္မစ်အုပ်စုများကမူ လှုပ်ရှားနေဆဲဖြစ်သည်။ ကြာသပတေးနေ့က မာလီအစိုးရနှင့် လက်နက်ကိုင်အုပ်စု ခြောက်အုပ်စုတို့အကြား လက်မှတ်ရေးထိုးခဲ့ကြပြီး အပစ်အခတ် ရပ်စဲရေးကာလအတွင်း နှစ်ဖက်စလုံးမှ ဒေသတွင်း ဖြစ်ပွားရသည့် နောက်ဆုံးတင်းမာမှုများကို ကိုင်တွယ်ရန် သဘောတူကြသည်ဟု အေအက်ဖ်ပီ သတင်းအေဂျင်စီက သတင်းဖော်ပြသည်။ **(ဘီဘီစီ)**

FBI ၏ ကွန်ပျူတာအချက်အလက်များ ရယူနိုင်သည့်အစီအစဉ် ဂူဂဲလ်သတိပေး

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

FBI ၏ အင်အားကိုတိုးမြှင့်ရန်အတွက် ကမ္ဘာအနှံ့အပြားရှိ ကွန်ပျူတာစနစ်များကို ထိုးဖောက်ဝင်ရောက်နိုင်သည့် အမေရိကန်တရားရေးဌာန၏ အဆိုပြုချက်ကို ဂူဂဲလ်ကုမ္ပဏီကြီးက ကန့်ကွက်ခဲ့သည်။ ဝါရှင်တန်ကော်မတီသို့ တင်ပြထားသည့် အဆိုပြုချက်တွင် အစိုးရအနေဖြင့် မည်သည့်နေရာတွင်မဆို ကွန်ပျူတာမှ အချက်အလက်များကို ဖောက်ထွင်းရယူမှုကို ခွင့်ပြုထားကြောင်း ဂူဂဲလ်မှ ပြောကြားခဲ့သည်။

FBI မှ အေးဂျင့်များသည် မည်သည့်နေရာတွင်ရှိနေစေကာမူ ဆာဗာကို လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်နိုင်ပြီး အမေရိကန်အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးရှိ များပြားလှသည့် ကိုယ်ရေးအချက်အလက်များကို တရားမဝင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ဂူဂဲလ်ကုမ္ပဏီက သတိပေးထားသည်။

ရှာဖွေခွင့်ပြုမှုများ စတင်ပြုလုပ်၍ FBI ၏ အာဏာကိုမြှင့်တင်ခြင်းသည် အစိုးရ၏လက်ရှိအာဏာကို ကျယ်ပြန့်စွာ ချဲ့ထွင်ပေးခြင်းပင်ဖြစ်ကြောင်း ဂူဂဲလ်က ပြောသည်။

FBI အနေဖြင့် ကမ္ဘာပေါ်ရှိမည်သည့်ကွန်ပျူတာ ဆာဗာကိုမဆို ဝင်ရောက်ထောက်လှမ်းနိုင်ပြီး သာမန်အသုံးပြုသူများကိုသာမက အမေရိကန်နှင့် ဆက်ဆံနေသည့် အခြားနိုင်ငံများကိုပါ ခြိမ်းခြောက်နိုင်သည်။

အမေရိကန်တရားရေးဌာနမှလည်း အဆိုပြုချက်ကိုပြောင်းလဲရန် ထောက်ခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ရှုပ်ထွေးသော အင်တာနက်နည်းပညာများသည် ရာဇဝတ်မှုကျူးလွန်သူများကို ရှာဖွေရာတွင် အနှောင့်အယှက် အဟန့်အတားဖြစ်စေသည်။

အမေရိကန်ပြည်သူ့လွတ်လပ်ခွင့် သမဂ္ဂကလည်း အဆိုပြုချက်အသစ်နှင့်ပတ်သက်သည့် စိုးရိမ်ပူပန်ရသောအကြောင်းအရာများကို ဖော်ပြရန် တရားရေးကော်မတီသို့ စာတစ်စောင်ရေးပို့ခဲ့သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

(၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ နေပြည်တော်၌ ကျင်းပ

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၀

(၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-II) ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာအား (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရေး ကော်မတီနာယက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့်က ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာအား ဖတ်ကြားပြီး နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပေးပို့သော သဝဏ်လွှာအား ချင်းတိုင်းရင်းသူ ဒေါ်သွမ်ပဲန်က ဖတ်ကြားသည်။

ယင်းနောက် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရေး ကော်မတီ ဦးစီးကော်မတီအဖွဲ့ဝင် ဦးလျန်ကျင့်မန်က ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်းက ၂၀၁၄ ခုနှစ်အတွင်း ပါရဂူဘွဲ့ရရှိသော ချင်းတိုင်းရင်းသား ဒေါက်တာ ဆလိုင်း ဒုဘိခ်ကျဲမ် (ဒဿနိကဗေဒ) နှင့် ဒေါက်တာ မိုင်ဒေ့ါဇီမန်း (ရူပဗေဒ)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်ကြသော ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ ဖြစ်ကြသည့် ဆလိုင်း ဒေးဗစ်ထန်း (ဘောလုံး)၊ ဆလိုင်းတီလ်ထန်းလျန် (ဂေါက်သီးရိုက်-ငွေတံဆိပ်)၊ ဆလိုင်းကပ်ကျင်းပေါင် (ဂျူဒို၊ ငွေတံဆိပ်)၊ မိုင်ယောစိမ်းယ (မြားပစ်၊ ကြေးတံဆိပ်)၊ မိုင်ဇလီဗာဇိန်းဟွာထောင်းလွယ် (ကရာတေးဒို၊ ကြေးတံဆိပ်)၊ မိုင် ဇုန်းလဲန်ကျဲရ် (ကရာတေးဒို၊ ကြေးတံဆိပ်)၊ မိုင် စန်းယုထွေး (မြားပစ်၊ ကြေးတံဆိပ်)၊ မိုင်လှလှစံ (မြားပစ်၊ ကြေးတံဆိပ်)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဆလိုင်းမဲလု (ခ) ဦးစိုးထက်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ချင်းတိုင်းရင်းသားရိုးရာအကနှင့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

(သတင်းစဉ်)

ချင်းအမျိုးသားနေ့ တောင်တွင်းကြီး၌ကျင်းပ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပတ်လည်ကြီးအုပ်စု ပတ်လည်ကြီးကျေးရွာ၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက (၆၇)နှစ်မြောက်ချင်းအမျိုးသားနေ့ အခမ်းအနားကိုရိုးရာအကများဖြင့် ဖွင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဆလိုင်းဦးလှထွန်းက အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးစောဝင်းမောင်က လွှတ်တော်၏ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးကြည်သိန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌတို့အပါအဝင် အလှူရှင်များက ငွေကျပ် ၃ သိန်းခွဲနှင့် ဘိလပ်မြေအိတ် ၃၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး စာပေနှင့်ယဉ်ကျေးမှုဆုများ အားကစားပြိုင်ပွဲဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်မြို့ရှိ စက်မှုဇုန်အသီးသီးတွင် အလုပ်သမားအခွင့်အရေးဆိုင်ရာ ဆန္ဒပြတောင်းဆိုမှုများဖြစ်ပွားနေသည့် စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်များတွေ့ဆုံ၍ အလုပ်သမားရေးရာဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် တာဝန်ရှိသူများ၊ Ford Glory အထည်ချုပ်စက်ရုံမှ Mr. Lee Kang Ping နှင့် တာဝန်ရှိသူများ၊ E Land Myanmar အထည်ချုပ်စက်ရုံမှ Mr. Lee Kyoung Ju နှင့် တာဝန်ရှိသူများ၊ Costec အထည်ချုပ်စက်ရုံမှ Mr. Choi Mi Kyong၊ Mr.Jun Ho Mun နှင့် တာဝန်ရှိသူများ၊ တိုင်ရီဖိနပ်စက်ရုံမှ Mr. Lee Lien Hsing မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားများ တောင်းဆိုနေသော လုပ်ခလစာတိုးမြှင့်ရရှိရေးနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် အလုပ်သမားများကြား အဆင်ပြေအောင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့တွင် အလုပ်ရှင်များနှင့် ထပ်မံတွေ့ဆုံ ညှိနှိုင်းခြင်းဖြစ်ပါကြောင်း၊ လုပ်ခလစာတိုးမြှင့်ရေးအတွက် တောင်းဆိုဆန္ဒပြမှုများသည်အလုပ်ရှင်နှင့်အလုပ်သမားများ ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကြားဝင်ဆောင်ရွက်ပေးခြင်းဖြစ်ကာ ဆုံးဖြတ်ရန်မှာ နှစ်ဖက်အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း ဖြစ်သည့်အတွက် အလျှော့အတင်းပြုလုပ်ရန် လိုအပ်ကြောင်း။

စက်ရုံတံခါးဝများတွင် အဝင်အထွက် မလုပ်နိုင်အောင် ဥပဒေမဲ့ပိတ်ဆို့ ဆန္ဒပြမှုများသည် ဥပဒေနှင့် မညီညွတ်ပါကြောင်း၊ ယခုကဲ့သို့ စက်ရုံပြင်ပတွင် ပိတ်ဆို့တားဆီးမှုများကို ရှင်းလင်းနိုင်ရုံနှင့် ပြဿနာပြေလည်သွားမည် မဟုတ်ကြောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် မိမိတို့ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များဖြင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ အလုပ်ရှင် အလုပ်သမားညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့မှ အလုပ်ရှင်နှင့် အလုပ်သမားများ ညှိနှိုင်းကာ လုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရန် ဆက်လက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်အကိုင်များ ရပ်နားထားရသည်မှာ သီတင်းနှစ်ပတ်ခန့်ကြာမြင့်ပြီဖြစ်သည့်အတွက် အလုပ်ရှင်များဘက်မှ အရှုံးပေါ်နေပြီး အလုပ်သမားများဘက်မှ စားဝတ်နေရေး ကျပ်တည်းမှုများရှိသည်ကို သိရှိရပါကြောင်း။

ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းမှုများကြောင့် ပြီးခဲ့သည့် သီတင်းပတ်က အလုပ်သမားရေးရာ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည့် Red Stone အထည်ချုပ်စက်ရုံမှ အလုပ်ရှင်၊ အလုပ်သမားများ ပြေလည်မှုရကာ လုပ်ငန်းပြန်လည် လည်ပတ်နေပြီဖြစ်ပါကြောင်း၊ ယခု ညှိနှိုင်းမှုတွင် စီးပွားရေးအရ တွက်ခြေကိုက်ရန်နှင့် လူမှုရေးအရ ငဲ့ညှာမှုရှိရန်ဟူသည့် ကဏ္ဍနှစ်ခုလုံးကို ပေါင်းစပ်စဉ်းစားပေးစေလိုကြောင်း၊ လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်စွမ်းမရှိလျှင် မည်သူ့အတွက်မှ အကျိုးရှိမှာမဟုတ်ဘဲ နှစ်ဦးနှစ်ဖက် အလျှော့အတင်းဖြင့် ပြေလည်မည့်အနေအထားဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် သီးခြားစီတွေ့ဆုံကာ အလုပ်ရှင်များဘက်မှ လိုက်လျောနိုင်သည့် အတိုင်းအတာတစ်ခုအထိ လိုက်လျောပေးနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

မနက်ဖြန်ညနေအထိခန့်မှန်းချက်မှာ အများအားဖြင့်သာယာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။ **(မိုး/ဇလ)**

ဥပဒေရေးရာ

National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

ကျွန်တော်လည်း ဆန္ဒပြလိုပါသည်

မောင်ပြည့်ချစ်

မြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်နေသည်ကို လွန်ခဲ့သော ၄ နှစ်ရလဒ်များအရ များစွာဂုဏ်ယူပီတိဖြစ်လျက်ရှိပါသည်။

ထူးခြားသိမ်မွေ့ညင်သာစွာ ရွေ့နေသည်မှာလည်း ဝါဂွမ်းဆီထိပမာ တစိမ့်စိမ့်နှစ်သက်မိပါသည်။

၂၀၁၅ ခုနှစ်သို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပါသည်။ နိုင်ငံရေးပါတီကြီး တစ်ခုမှ တိုးမြှင့်၍ အစိုးရအား ပြဿနာမျိုးစုံ ဖန်တီးမည့်သတင်းများ ၂၀၁၄ ခုနှစ် မနှစ်က နိဝင်ဘာလကပင် ရရှိခဲ့ပါသည်။ အခုတော့ သတင်းများမှာ သွေးထွက်အောင်မှန်နေပါသည်။ "မစားရတဲ့အမဲ သဲနဲ့ပက်မည်"၊ "သပိတ်စုံသူပုန်ထ"၊ ပြည်သူဒုက္ခရောက်၊ အစိုးရအကျပ်ရိုက်စေ စသည့် မြန်မာလူမျိုး စရိုက်မဟုတ်သော ကွန်မြူနစ်အတွေးအခေါ် လုပ်ဆောင်မှုများမှာ "လယ်ပြင်တွင် ဆင်သွားသလို" ထင်ရှားလာပါသည်။

လွှတ်တော်၊ အစိုးရနှင့် တည်ဆဲဥပဒေများကို လိုက်နာစိတ်များ ကင်းမဲ့အောင် လုပ်လာကြသည်။ လွှတ်တော်ကိုပင် ကျော်လွန်ရန် ကြိုးစားနေကြသည်။ တိုင်းကြီးပြည်ကြီးသားများမှ ဟုတ်ပါလေစ္စ၊ စည်းကမ်းမရှိလျှင် မတိုးတက်နိုင်ပါ၊ စည်းကမ်းရှိမှ တိုးတက်မည်သာ၊ ဒီမိုကရေစီစနစ်၏ ဖွားဖက်တော်များဖြစ်သည့် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးရပိုင်ခွင့်ဟုဆိုသော်လည်း တာဝန်ရှိမှု၊ တာဝန်သိမှု၊ တရားဥပဒေစိုးမိုးမှုများမှာလည်း တစ်ပါတည်းဖြစ်ပါသည်။

လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ဆိုသော်လည်း လူအများအနှောင့်အယှက်မဖြစ်စေရန်လည်း ဆင်ခြင်ပေးရမည်။ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းများကို လူငယ်လူရွယ်များ ဖတ်ရှုမှတ်သားသင့်ကြပါသည်။ လိုက်နာသင့်ကြပါသည်။ တချို့က ဗိုလ်ချုပ်နာမည်ကို ကိုယ့်နာမည်လုပ်သည်။ အတွေးအခေါ် လုပ်ဆောင်မှုကဖြင့် ဗိုလ်ချုပ်ခြေဖျားကိုပင်မမီ။

ယခုလည်း အရည်အသွေးပြည့်မီသော ပညာရေးပြုပြင်ပြောင်းလဲမှု ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ ၃ နှစ်ခန့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း တစ်ဖက်သတ်လွှမ်းမိုးလိုစိတ်များဖြင့် စွက်ဖက်နေကြသည်။ နိုင်ငံနှင့် လူမျိုးအတွက် ဥပဒေများပြုရာတွင် Emotion နှင့် ဆောင်ရွက်၍မရပါ။ နာကျည်းမှုဖြင့် ဆောင်ရွက်၍မရပါ။ နိုင်ငံရေးညစ်ပတ်မှုဖြင့် ဆောင်ရွက်၍မရပါ။ ဖြူစင်သောစိတ်၊ မှန်ကန်သောစေတနာဖြင့်သာ ဆောင်ရွက်ရပါမည်။ ပညာဉာဏ်၊ ဓမ္မဉာဏ်၊ ပညာအသိ၊ ဓမ္မအသိဖြင့်သာ လုပ်ဆောင်ကြရပါမည်။

မူကြိုမှ တက္ကသိုလ်အထိ သမဂ္ဂကအုပ်ချုပ်မည်။ သာသနာရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့လို သီးခြားဘာသာရပ်များ၏ သင်ကြားမှုဌာနများကို သမဂ္ဂများက အုပ်ချုပ်မည်။ တော်သူ၊ ထူးချွန်သူ မရှိစေရ။ စာမေးပွဲမရှိဘဲ ဘွဲ့ရလိုသည်။ ကျောင်းဆွေး လူဆွေးနေပြီး သမဂ္ဂနေရာယူ၍ ကျောင်းများ၊ တက္ကသိုလ်များကို အုပ်ချုပ်လိုသည်။ ဒီအတိုင်းဆိုရင် ပရိယတ္တိတက္ကသိုလ်များပင် သမဂ္ဂနဲ့ အုပ်ချုပ်ရမလိုဖြစ်နေပြီ။

ဆရာ ဆရာမများကို ကျောင်းသားသမဂ္ဂကခန့်မည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်နေသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဟူသည် အနန္တဂိုဏ်းဝင်ဖြစ်သည်ကိုပင် မေ့နေကြပြန်သည်။ ပိုဆိုးတာက တိုင်းရင်းသားဘာသာစကားစာပေကို မိခင်ဘာသာစကားဖြင့် အစားထိုးလိုပြန်သည်။ ရခိုင်ပြည်နယ်တွင် ဘင်္ဂလီစာသင်ပေးရမည်လား၊ ကိုးကန့်ဒေသတွင် မိခင်တရုတ်စာသင်ပေးရမည်လား။

ရဟန်းရှင်လူ၊ မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ ကျောင်းသား မိဘများ အခုဥပဒေကြမ်းကို အလေးအနက်ထားလေ့လာဝေဖန်ပေးရန် အနူးအညွတ်ပန်ကြားအပ်ပါသည်။

နိုင်ငံတွင်းရှိ ပြည်သူများ၏ ကိုယ်စားလှယ်တော်ကြီးများဖြစ်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှလည်း တစ်မျိုးသားလုံးအပေါ် ကျရောက်မည့် ဘေးအန္တရာယ်ဆိုးကြီးမှ ကာကွယ်စောင့်ရှောက်တားမြစ်ပေးပါရန်လည်း ပန်ကြားအပ်ပါသည်။

ကျွန်တော်အပါအဝင် တိတ်ဆိတ်နေသောအသံများ(Silent Majority) ကို နားထောင်ပေးပါရန်လည်း ဆန္ဒပြလိုက်ရပါသည်။

ယခုလည်း အရည်အသွေးပြည့်မီသော ပညာရေးပြုပြင်ပြောင်းလဲမှု ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ ၃ နှစ်ခန့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း တစ်ဖက်သတ်လွှမ်းမိုးလိုစိတ်များဖြင့် စွက်ဖက်နေကြသည်။ နိုင်ငံနှင့် လူမျိုးအတွက် ဥပဒေများပြုရာတွင် Emotion နှင့် ဆောင်ရွက်၍မရပါ။ နာကျည်းမှုဖြင့် ဆောင်ရွက်၍မရပါ။ နိုင်ငံရေးညစ်ပတ်မှုဖြင့် ဆောင်ရွက်၍မရပါ။ ဖြူစင်သောစိတ်၊ မှန်ကန်သောစေတနာဖြင့်သာ ဆောင်ရွက်ရပါမည်။ ပညာဉာဏ်၊ ဓမ္မဉာဏ်၊ ပညာအသိ၊ ဓမ္မအသိဖြင့်သာ လုပ်ဆောင်ကြရပါမည်။

မြစ်ငယ်ဒွေးလမ်းရထားလမ်းတံတားတည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင်

မြစ်ငယ် ဖေဖော်ဝါရီ ၂၀

ရန်ကုန် -မန္တလေးရထားလမ်းပိုင်းဖြစ်သော မြစ်ငယ် မြစ်ကူးဒွေးလမ်း ရထားလမ်းတံတားတည်ဆောက်ရေးစီမံကိန်းပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က ဒွေးလမ်းရထားလမ်းတံတားတည်ဆောက်ရေးနေရာဖြစ်သော မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြစ်တောင်ဘက်ခြမ်း၊ မြစ်ငယ်ရထားတံတား(လက်ရှိ)၏ အရှေ့ဘက် မင်္ဂလာနေရာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပန္နက်တော်များကို အသီးသီး ပန္နက်ရိုက်မင်္ဂလာပြုလုပ်သည်။ တည်ဆောက်မည့်တံတားအမျိုးအစားမှာ 1.2 မီတာ Ø R.C Bore Pile အမျိုးအစားဖြစ်ပြီး ပင်မတံတား၏ Sub-Structure ကို R.C ကွန်ကရစ်တိုင်ကို အသုံးပြုမည်ဖြစ်ပြီး Super Structure ကို ပေ ၁၅၀ Steel Box Girder 4 (NOS) နှင့် 40 ပေ Steel Box Girder 2 (NOS) အသုံးပြုမည်ဖြစ်ပြီး တံတားကြီး၏ ပေအရှည်မှာ စုစုပေါင်း ၇၂၀ ပေ ရှိကြောင်း၊ ရေကင်းလွတ် အမြင့် ၃၄ ပေ၊ ကမ်းကပ်ခုံနှစ်ခုနှင့် ရေလယ်တိုင်ငါးခုဖြစ်ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

မင်းဘူးတွင် မြန်မာ့မီးရထားမှ သိန်း ၄၀၀၀ ကျော်မြေယာလျော်ကြေးငွေပေးအပ်

မင်းဘူး ဖေဖော်ဝါရီ ၂၀

မြန်မာ့မီးရထား ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်သည့် မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူးဘူတာရုံနှင့် မင်းဘူးကွန်ကရစ်ဇလီဖားတုံးစက်ရုံတည်ဆောက်ခြင်းအတွက် မြန်မာ့မီးရထားမှ ရယူခဲ့သည့်မြေများအား လျော်ကြေးငွေပေးချေခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးညီညီဝင်းက အမှာစကားပြောကြားပြီး မြန်မာ့မီးရထား ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာဦးမင်းချစ်မွန်က မင်းဘူးဘူတာရုံနှင့် မင်းဘူးကွန်ကရစ်ဇလီဖားတုံးစက်ရုံတည်ဆောက်ခြင်းအခြေအနေများကို ရှင်းလင်းတင်ပြကာ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးအောင်ဗိုလ်ဝင်းက ဘူတာရုံနှင့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံ တည်ဆောက်မှုတွင်ပါဝင်သည့် ၉၁ ဒသမ ၅၄ ဧကအနက် တောင်သူ ၂၀ ၏ သီးနှံစိုက်ပျိုးမြေ ၈၉ ဒသမ ၃၉ ဧကအတွက် လျော်ကြေးပေးချေနိုင်ရန် တွက်ချက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ မင်းဘူးဘူတာရုံနှင့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံတည်ဆောက်ရာတွင်ပါဝင်သော သီးနှံစိုက်ပျိုးမြေ ၈၉ ဒသမ ၃၉ ဧက၏ ယာပိုင်ရှင်များဖြစ်သည့်တောင်သူ ၂၀ တို့အား စုစုပေါင်းလျော်ကြေးငွေကျပ် ၄၁၀၅၈၂၇၉၀ ကို ချက်လက်မှတ်ဖြင့် တစ်ဦးချင်းအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဌေး(မင်းဘူး)**

တပ်မတော်သားများအား အလှူငွေပေးအပ်ပွဲ မုံရွာ၌ ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းက အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ကျင်းပ သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအားအလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုလှူဒါန်းငွေကျပ်သိန်း ၅၀ နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင် "အေးရိပ်ဝေ" မိသားစုကအလှူငွေကျပ် ၁၀ သိန်းတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးကလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ရုံးမှ လှူဒါန်းငွေနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၉၈ ဦးတို့မှ လှူဒါန်းငွေကျပ် ၁၄ သိန်း ရှစ်သောင်းတို့ကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က လည်းကောင်း၊ စေတနာရှင် အလှူရှင်များအသီးသီးကလည်းကောင်း လှူဒါန်းကြရာ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၀၈၆၂၉၅၀၀ နှင့် ငွေကျပ် ၈၄၆၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို တပ်မတော်သားများကိုယ်စား တိုင်းမှူးဗိုလ်ချုပ် မင်းနောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း Hanns Seidel Foundation မှ Chairwoman နှင့် ဘာဗေးရီးယန်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Hanns Seidel Foundation မှ Chairwoman, Professor Ursula Mannle နှင့် ဂျာမနီနိုင်ငံ ဘာဗေးရီးယန်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ Hon. Mrs. Barbara Stamm တို့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ Hanns Seidel Foundation မှ Chairwoman, Professor Ursula Mannle နှင့် ဂျာမနီနိုင်ငံ ဘာဗေးရီးယန်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ Hon. Mrs. Barbara Stamm တို့ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်သတင်း

အမိန့်အမှတ် (၁/၂၀၁၅) အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့် အမိန့်အမှတ်(၂/၂၀၁၅)စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းတို့ကို လွှတ်တော်ကအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းရခြင်းသည် စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်ဆောင်ရွက်ရာတွင် လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားခြင်း ပြုလုပ်လာသည့်အခါ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်တားဆီးရန်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ အကျိုးစီးပွားမထိခိုက်စေရန် ရည်ရွယ်ထုတ်ပြန်ခြင်းဖြစ်၍ အားပေးကူညီသူများ၊ ပါဝင်ပတ်သက်သူများသည် ပြစ်မှုရှိလာလျှင် ထုတ်ဖော်ပြောကြားပြီး လွတ်ငြိမ်းချမ်းသာခွင့်ယူမည်ဆိုပါက ပြဋ္ဌာန်းရခြင်း၏ ဥပဒေရည်ရွယ်ချက် ပျောက်သွားနိုင်ပါကြောင်းဖြင့် ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အချက်များအပါအဝင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အမှတ်စဉ်များကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ပြန်လည်ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့်အညီ ဥပဒေအဖြစ် ထုတ်ပြန်နိုင်ရန် နိုင်ငံတော်သမ္မတထံ ပေးပို့သွားမည်ဖြစ်သည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော်သမ္မတက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂၊ ပုဒ်မခွဲ(က)အရ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၅)အား လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ အရေးပေါ်အခြေအနေ ကြေညာထားသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မူလအခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိစေခြင်းအလို့ငှာ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီ (၁၇)ရက်စွဲဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၂/၂၀၁၅)အား လည်းကောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မူလအခြေအနေအတိုင်း တည်ငြိမ်အေးချမ်းမှု ရသည်အထိ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များအဖြစ် ဆက်လက်အာဏာတည်စေရန်အတွက် **နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၅) အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့် အမိန့်အမှတ် (၂/၂၀၁၅) စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်း**တို့ကို လွှတ်တော်ကအတည်ပြုပေးရန် အဆိုတင်သွင်းခဲ့သည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ် (၃) ဦးက ဆွေးနွေးခဲ့ကြရာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အထူးအလေးထား ဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါကြောင်း၊ ပြည်သူလူထုလိုလားသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်လည်း ဖြစ်ပါကြောင်းနှင့် အဆိုကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီက မိမိတို့နိုင်ငံတွင် နှစ်ပေါင်း (၆၀)အတွင်း ပြည်တွင်းစစ်ကြောင့် အကျိုးမရှိဖြစ်ခဲ့ရပါကြောင်း၊ ယခုအခါ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အရေးပေါ်အခြေအနေကြေညာခြင်းနှင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရပါကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မိမိတို့ပိုင်ဆိုင်သည့် ပြည်ထောင်စုနယ်မြေဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်က အခြေခံဥပဒေအရ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကကျသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအတွက် တပ်မတော်မှ ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လုံခြုံရေးနှင့် အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ရခြင်း ဖြစ်သဖြင့် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅) အရေးပေါ်အခြေအနေကြေညာခြင်းနှင့် အမိန့်အမှတ် (၂/၂၀၁၅) စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းတို့ကို လွှတ်တော်က အတည်ပြုခဲ့သည်။

(သတင်းစဉ်)

အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ (ဆိပ်ကမ်း)၊ သာကေတ၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ စမ်းချောင်း၊ ကမာရွတ်၊ မရမ်းကုန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ ဗဟန်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ဒလ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ မင်္ဂလာဒုံ၊ ထန်းတပင်၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ရန်ကင်း၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ သန်လျင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ အင်းတိုင်၊ ဖောင်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်း လည်းကောင်း၊ ၁၂း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တ ပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ သာယာမည်။

ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေထိခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့တိုင်းရင်းသားညီအစ်ကိုများ၏ ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့သည် ပထဝီအနေအထားအရလည်းကောင်း၊ လူမျိုးကိုးကွယ်သည့် ဘာသာအရလည်းကောင်း ကွဲပြားခြားနားမှုများရှိနိုင်သော်လည်း မိမိတို့နိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုလားသည့်စိတ်များတွင် တူညီပါကြောင်း။

ထိုအချက်(၂)ခုအပေါ် အခြေခံပြီး ချင်းပြည်နယ်နှင့် ပြည်ထောင်စုတစ်စုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ချင်းတိုင်းရင်းသားရိုးရာကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဟားခါးပြည်သူ့ဆေးရုံကြီးရှိ ခွဲစိတ်ခန်းနှင့် သားဖွားအဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အဆောင်သစ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးရိုဘင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဆိုင်းဘုတ်ကို ... [*ed.: see note*]

(၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

အစိုးရလက်ထက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ဆက်ကပ်ခဲ့ပါကြောင်း၊ အလားတူ နေပြည်တော်တွင်လည်း သုံးနှစ်ဆက်တိုက် ဆက်ကပ်ခဲ့ပါကြောင်း၊ မိမိတို့ အစိုးရသစ်လက်ထက်တွင်လည်း နေပြည်တော်၌ သုံးနှစ်ဆက်တိုက် ဆက်ကပ်ခဲ့ရာ စုစုပေါင်းခြောက်နှစ်တိတိ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားတွင် မိမိတို့ ဆက်ကပ်လှူဒါန်းမည့် ဆရာတော် ၁၅၁ ပါး၊ သီလရှင် ၁၃ ပါး စုစုပေါင်း ၁၆၄ ပါး ဖြစ်ပါကြောင်း။

အဆိုပါ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ကြီးများကို ယမန်နှစ်များကကဲ့သို့ နေပြည်တော်ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးခြေရင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ဆက်ကပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆက်ကပ်လှူဒါန်းပွဲကို အောင်မြင်စွာကျင်းပနိုင်စေရန် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားပြီး ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆောင်ရွက်နိုင်စေရန် အစည်းအဝေးများလည်း ပြုလုပ်ပြီးဖြစ်သည်ကို သိရှိရပါကြောင်း၊ ဆပ်ကော်မတီအသီးသီးအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်သွားကြရန်ဖြစ်ပါကြောင်း၊ ပြည်တွင်း ပြည်ပမှ ကြွရောက်လာကြမည့် ဆရာတော်သံဃာတော်ကြီးများကို ပင့်ဆောင်ရန်အတွက် ပို့ဆောင်ရေးဆပ်ကော်မတီမှ အထူးလေယာဉ်များ စီစဉ်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ဆရာတော်သံဃာတော်များ ကြွရောက်လာစဉ် သီတင်းသုံးတော်မူမည့် နေရာများကို ကျန်းမာရေးနှင့် ပြည့်စုံစေရန် သန့်ရှင်းရေးမှစ၍ အစစအရာရာ ပြင်ဆင်ထားရှိရန် လိုအပ်ပါကြောင်း၊ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စမှ စတင်၍ မလစ်ဟင်းရအောင် စီမံဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ဖွဲ့စည်းထားသည့် ဆပ်ကော်မတီအသီးသီးအနေဖြင့်လည်း ယင်းလုပ်ငန်းများကို သေချာစွာ စနစ်တကျဆောင်ရွက်သွားရန်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးပေးဆောင်ရွက်သွားကြရန်လည်း မှာကြားလိုပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဦးစီးကော်မတီ၏ ဆောင်ရွက်ချက်များ၊ အခမ်းအနားကျင်းပမည့် အစီအစဉ်နှင့် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက အခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့် ဆရာတော်သံဃာတော်များ၊ သီလရှင်ကြီးများအား ကြိုဆိုရေး၊ နေရာချထားရေးနှင့် သွားလာရေးဆိုင်ရာ အဆင်ပြေလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ချက်များအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးအခြေအနေများနှင့် ဆက်လက်စီမံဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများအပေါ် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

✲ ကျောဖုံးမှ

လူပုဂ္ဂိုလ်များအပေါ် ထားရှိအပ်သည့် စံနှုန်းများအတိုင်းကျင့်သုံးပြီး ကယ်ဆယ်ရေးဝန်ထမ်းများကို အပြည့်အဝအကာအကွယ်ပေးရေးနှင့် ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့ကို ခွင့်ပြုပါရန် တောင်းဆိုအပ်ပါသည်။ ထိုနည်းတူစွာ ပြည်သူများကို အကာအကွယ်ပေးရေးနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများမှ ၎င်းတို့ဘေးအန္တရာယ်ကင်းစွာ ထွက်ခွာနိုင်ရေးတို့ကိုလည်း သေချာမှုရှိစေရန် တာဝန်ရှိသူအားလုံးအား ဆက်လက်တောင်းဆိုလိုက်ပါသည်ဟု ဖော်ပြပါရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေများ ထောက်ပံ့ပေးအပ်

တာချီလိတ် ဖေဖော်ဝါရီ ၂၀

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေ လောက်ကိုင်ဒေသစစ်ဆင်ရေး၌ နိုင်ငံတော်တာဝန်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်နေကြသော တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့မှ စေတနာရှင်များ၏ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ် ကျောက်ဆည်ရိပ်သာ၌ကျင်းပရာ တပ်နယ်မှအရာရှိ စစ်သည်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆိုင်ကယ်အသင်းများ၊ မြို့မိ မြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်သည်။

အခမ်းအနားတွင် စစ်ဗျူဟာအဖွဲ့ (အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်နိုင်ဦးက အမှာစကားပြောကြားပြီး အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးယေရှဲ မိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ ဦးဂျေမီ မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးရွှေအုန်းမိသားစုက ငွေကျပ် ငါးသိန်း၊ ဦးရစ်ချက်နှင့်ဒေါ်နန်းပီးယားရီမိသားစုက ငွေကျပ် ငါးသိန်း၊ ဦးအာဇီးမိသားစုက ငွေကျပ် ငါးသိန်း၊ ဦးယောဟန်မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးစိုင်းအုန်းပွင့်နှင့် ဒေါ်တင်မေထွန်း မိသားစုက ငွေကျပ် ငါးသိန်း၊ ရွှေနန်းတော်မိသားစုက ငွေကျပ် ငါးသိန်း၊ ဗိုလ်ကြီးကျော်မျိုးဝင်းနှင့်တပ်ဖွဲ့ဝင်များက ငွေကျပ် သုံးသိန်း၊ ဦးအောင်အောင် (တော့အပေါင်ဆိုင်) မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးကျော်မြင့် မိသားစုက ငွေကျပ်နှစ်သိန်း၊ မေတ္တာရှင် နာရေးကူညီမှုအသင်းက ငွေကျပ် တစ်သိန်း၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ်တစ်သိန်း၊ ရွှေခြသေ့ဆိုင်ကယ်အသင်းက ငွေကျပ်တစ်သိန်း၊ ဦးခင်မောင်လတ် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးလောဖူမိသားစုက ငွေကျပ် တစ်သိန်း၊ ဦးမြင့်ဆွေမိသားစုက ငွေကျပ် တစ်သိန်း၊ ဦးရဲဇော်မြင့်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဂျိဝမ်းမိသားစုက ငွေကျပ် ငါးသောင်း၊ ဦးကျော်မြင့်မိသားစုက ငွေကျပ်တစ်သိန်း၊ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ အရာရှိ၊ စစ်သည်များက ငွေကျပ် ၄၄၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဗိုလ်မှူးကြီးဇော်နိုင်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ စေတနာရှင် အလှူရှင်များက ထောက်ပံ့လှူဒါန်းပေးမှုနှင့် စပ်လျဉ်း၍ ဗိုလ်မှူးကြီးဇော်နိုင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါလှူဒါန်းပွဲတွင် စေတနာရှင်အလှူရှင်များက စုစုပေါင်းငွေကျပ် ၇၀၉၀၀၀၀ လှူဒါန်းခဲ့ကြောင်းနှင့် ဖေဖော်ဝါရီ ၁၆ ရက်က ပထမအကြိမ်အဖြစ် ငွေကျပ် ၅၈၁၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝေယံလင်း(iprd)

ဟဲဟိုးလေဆိပ်၌ ပိုင်ရှင်မဲ့တွေ့ရှိသည့် ခရီးဆောင်အိတ် ပိုင်ရှင်ထံပြန်လည်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်က ရှမ်းပြည်နယ် ဟဲဟိုးလေဆိပ်၌ လေကြောင်းရဲတပ်ဖွဲ့စု(ဟဲဟိုး)မှတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ် ပြည်တွင်းထွက်ခွာဆောင်၌ အနက်ရောင်ခရီးဆောင်အိတ်တစ်လုံးကို ပိုင်ရှင်မဲ့တွေ့ရှိသဖြင့် သက်သေများရှေ့ဖွင့်ဖောက်စစ်ဆေးရာ ခရီးဆောင်အိတ်အတွင်းမှ ဂျပန်ငွေယန်း ၂၈၁၇၄ နှင့်အခြားအသုံးအဆောင်ပစ္စည်း ၁၃ မျိုး တွေ့ရှိရသည်။

အဆိုပါ ခရီးဆောင်အိတ်နှင့်ပတ်သက်၍ ပိုင်ရှင်ကိုလိုက်လံစုံစမ်းခဲ့ရာ ခရီးဆောင်အိတ်ပိုင်ရှင်မှာ ဂျပန်နိုင်ငံသူ Mrs.Miki Ohashi ဖြစ်ပြီး Air KBZ လေကြောင်းလိုင်း ခရီးစဉ်အမှတ် K7-267 ဖြင့် ဟဲဟိုးလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာသွားကြောင်း သိရှိရသောကြောင့် လေကြောင်း ရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)သို့ ဆက်သွယ်အကြောင်းကြားကာ ခရီးဆောင်အိတ်ကို ရန်ကုန်လေဆိပ်သို့ပေးပို့ခဲ့သဖြင့် လေကြောင်း ရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များက ယင်းနေ့ ည ၇ နာရီခွဲက Air KBZ လေကြောင်းလိုင်း တာဝန်ရှိသူများ၏ရှေ့တွင် Mrs.Miki Ohashi ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကိုရဲ)**

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် စိန်ခေါ်မှုများကိုကျော်လွှား၍ မိမိတို့လျှောက်လှမ်းနေသည့်လမ်းကြောင်းကို ခိုင်မာအောင်လုပ်ဆောင်သွားရန် ဆုံးဖြတ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အာဆီယံအနေဖြင့် ဘာသာမတူသောနိုင်ငံများ ပေါင်းစည်းထားသည့် အဖွဲ့အစည်းဖြစ်သော်လည်း စုစည်းညီညွတ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများ၏ ခိုင်မာသောစုစည်းမှုကို နိုင်ငံကြီးများကပင် အလေးထား အသိအမှတ်ပြုရပါကြောင်း၊ အာဆီယံအဖွဲ့အစည်းအနေဖြင့် အခြားနိုင်ငံများ၏ တိုက်တွန်းချက်များထက် မိမိ၏ကိုယ်ပိုင်ရပ်တည်ချက်အပေါ်တွင် ခိုင်မာစွာရပ်တည် လုပ်ဆောင်နေသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာအလုပ်သမားများနှင့် ပတ်သက်၍ တရားဝင်ရောက်ရှိသည်ဖြစ်စေ၊ တရားမဝင် ရောက်ရှိနေသည်ဖြစ်စေ မြန်မာနိုင်ငံသားများ ဖြစ်ပါက အကာအကွယ်ပေးရန် တာဝန်ရှိသဖြင့် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးစေလိုပါကြောင်း၊ တရားမဝင်ရောက်ရှိနေသော အလုပ်သမားများအား ပြန်လည်ခေါ်ယူနိုင်ရေးကိုလည်း နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုများကို အတတ်နိုင်ဆုံး သက်ညှာစွာဖြင့် စဉ်းစားကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Hon.Dato' SERI HISHAMMUDDIN TUN HUSSEIN အားလက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ တည်ငြိမ်စွာ လျှောက်လှမ်းနိုင်ရန် ကြိုးတင်ပြင်ဆင်၍ လမ်းခင်းခဲ့ရကြောင်း၊ ထိုသို့ လျှောက်လှမ်းခဲ့ရာတွင် ပြည်တွင်းပြည်ပ စိန်ခေါ်မှုများစွာကို ကြိုးစားရှန်းကန်ခဲ့ရပြီး ယခုကြုံတွေ့ရသည့် နိုင်ငံရေးပြဿနာများသည်လည်း ထိုပယောဂများကြောင့်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် စိန်ခေါ်မှုများကိုကျော်လွှား၍ မိမိတို့လျှောက်လှမ်းနေသည့် လမ်းကြောင်းကို ခိုင်မာအောင် လုပ်ဆောင်သွားရန် ဆုံးဖြတ်၍ ဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသည်။

မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးက မလေးရှားနိုင်ငံ အခက်အခဲ ကြုံတွေ့ခဲ့ချိန်တွင် မြန်မာနိုင်ငံ၏ ကူညီအားပေးခဲ့မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ မိမိကိုယ်ပိုင်ဟန်ဖြင့် အသွင်ကူးပြောင်းရေး လျှောက်လှမ်းနေမှုအပေါ် အသိအမှတ်ပြု ထောက်ခံပါကြောင်း၊ စိန်ခေါ်မှုများကိုလည်း ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံမှုမှာ အကောင်းဆုံးအခြေအနေတွင် ရှိ၍ ဆက်လက် တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းစိန်ခေါ်မှုများနှင့် အခက်အခဲများကို အာဆီယံ၏ ညီညွတ်သော ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဘာသာရေးအစွန်းရောက်တို့၏ အကြမ်းဖက်မှု၊ ဒေသတွင်း မူးယစ်ဆေးဝါးမှု၊ လက်နက်မှောင်ခိုမှုများနှင့် ပတ်သက်၍ သတင်းအချက်အလက် မြန်ဆန်စွာ ဖလှယ်နိုင်ရေး၊ ပူးပေါင်းကာကွယ်တားဆီးရေးနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ၁၉၅၈ ခုနှစ် မတ် ၁ ရက်မှစတင်၍ သံတမန်အဆက်အသွယ် ထူထောင်ခဲ့ပြီး မလေးရှားနိုင်ငံတွင် မြန်မာသံရုံးကို ၁၉၅၉ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင် မလေးရှားသံရုံးကို ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလတွင် လည်းကောင်း အသီးသီး စတင်ဖွင့်လှစ်ခဲ့ကြသည်။ မလေးရှားနိုင်ငံသည် ၂၀၁၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ကို မြန်မာနိုင်ငံထံမှ လက်ခံရယူ၍ တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြဝတီ)**

ထိခိုက်ဒဏ်ရာရ တပ်မတော်သားများအတွက် အလှူငွေပေးအပ်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ လောက်ကိုင်ဒေသ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိကြသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံကြီး ခုတင် ၇၀၀ ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေနှင့် အဖွဲ့ဝင်များက ဒဏ်ရာရတပ်မတော်သားများအတွက် အလှူငွေကျပ် ၁၀ သိန်း၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အလှူငွေကျပ်ရှစ်သိန်းကို ခရိုင်ဥက္ကဋ္ဌ ဒေါ်အေးအေးလွင်နှင့်အဖွဲ့တို့က ပေးအပ်ရာ တပ်မတော်ဆေးရုံကြီး တပ်မှူးဗိုလ်မှူးကြီး မျိုးသန့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နာယကနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက လောက်ကိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ကာ အဆိုပါတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူရန် တက်ရောက်လျက်ရှိသော ဒဏ်ရာရတပ်မတော်သားများအား လိုက်လံနှုတ်ဆက်အားပေးပြီး တစ်ဦးလျှင်ငွေကျပ် တစ်သိန်းစီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

☆ *ကျောဖုံးမှ*

သောင်းကျန်းသူများ ဆုတ်ခွာသွားခဲ့သည်။ ဆုတ်ခွာသွားရာနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းတွင်လည်း ကုန်းကြမ်း-လောက်ကိုင်လမ်းကြောင်းရှိ (၁၈)မိုင်လမ်းဆုံ တစ်ဝိုက်အခြေပြု ခံစစ်ယူကာ ဆက်သွယ်ရေး လမ်းကြောင်းအား ဖြတ်တောက်ထားသော ကိုးကန့် သောင်းကျန်းသူအဖွဲ့အား တပ်မတော်စစ်ကြောင်းများက ဝိုင်းပတ်ပိတ်ဆို့ရှင်းလင်းလျက်ရှိသည်။

အလားတူ ပါစင်ကျော်အရှေ့မြောက်ဘက် တစ်ဝိုက်တွင် နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော် စစ်ကြောင်းနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)



လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

လောက်ကိုင်ဒေသမှ နေရပ်ပြန်ပြည်သူများအား ကွမ်းလုံမြို့မှ အခမဲ့ကူညီပို့ဆောင်ပေး

ကွမ်းလုံ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ဒေသမှ နေရပ်ပြန်ပြည်သူများသည် ကွမ်းလုံမြို့ မြို့မစုဝေးကွင်းသို့ ဖေဖော်ဝါရီ ၁၁ ရက်က စတင်ရောက်ရှိလာခဲ့ရာ ကွမ်းလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး နှင့်လူမှုရေးအသင်းများ၊ စေတနာရှင်အလှူရှင်များက ထမင်းဘူးများနှင့် ရေဘူးများ ကျွေးမွေးလှူဒါန်းကြပြီး လားရှိုးမြို့သို့ ကားများဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိပြီး ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းမှစတင်၍ ၂၀ ရက်အထိ လူဦးရေ ၃၅၄၈ ဦးတို့ကို အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် လောက်ကိုင်ဒေသမှ ရောက်ရှိလာသူများကို ထမင်းဘူး၊ ရေသန့်ဘူးများကို ကွမ်းလုံမြို့နယ်အတွင်းရှိ လူမှုရေးအသင်းများ၊ စေတနာရှင် အလှူရှင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ပေးဝေခဲ့ကြသည်။ အဆိုပါ လောက်ကိုင်ဒေသသို့ သွားရောက်အလုပ်လုပ်ကြသူများသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှဖြစ်ပြီး ၎င်းတို့သည် ကြံခုတ်ခြင်းလုပ်ငန်းနှင့် အခြားလုပ်ငန်းများ သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရှမ်းပြည်နယ် လားရှိုးမြို့သို့ရောက်ရှိပြီး လောက်ကိုင်ဒေသ တိုက်ပွဲရှောင် အိမ်ထောင်စုများအတွက် လူသားချင်းကိုယ်ချင်းစာနာမှု အကူအညီများပေးအပ်သည်။

ရှေးဦးစွာ လားရှိုးမြို့ အထက(၁)သို့ သွားရောက်ကာ အဆိုပါကျောင်းတွင် ခေတ္တခိုလှုံလျက်ရှိသော ကျောင်းဆရာ/ဆရာမများအတွက် ငွေကျပ် ၂၈ သိန်းခန့်တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်စရာများကို ထောက်ပံ့ပေးပြီး ဆရာ ဆရာမများကို အားပေးစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော်အတွက် အသက်ပေး စွန့်လွှတ်ခဲ့သော တပ်မတော်သားများ၏ ကျန်ရစ်သူမိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၁၀၊ ရွှေ့ပြောင်းတပ်မတော်မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ်သိန်း ၄၀ နှင့် ၅၅ သိန်းခန့် တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများနှင့် စားစရာများ၊ နိုင်ငံတော်အတွက် အသက်ပေးစွန့်စားခဲ့သော ရဲအရာရှိ၏ ကျန်ရစ်သူမိသားစုအတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်း၊ ရွှေ့ပြောင်းရဲတပ်ရင်း မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်း၊ ခုနစ်သိန်းခန့် တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများနှင့် စားစရာများကို သက်ဆိုင်သူများထံ လှူဒါန်းထောက်ပံ့ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်၌ သာမန်အချိန်တွင် ဓမ္မာရုံအဖြစ်အသုံးပြုပြီး ဘေးအန္တရာယ်ကျရောက်လာပါက ဘက်စုံသုံးခန်းမ (Community Shelter) တည်ဆောက်ရန် မတည်လှူဒါန်းငွေကျပ်သိန်း ၁၀၀ကို မန်ဆူရှမ်းကျောင်းဆရာတော်ကြီးထံ လှူဒါန်းသည်။ ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနသို့ရောက်ရှိပြီး တိုက်ပွဲရှောင် ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်ငါးသိန်းခန့်တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကာ တိုက်ပွဲကြောင့်ဒဏ်ရာရ လူနာများကို ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လောက်ကိုင်ဒေသ တိုက်ပွဲရှောင်သူများအား အရေးပေါ် ကူညီကယ်ဆယ်မှုလုပ်ငန်းများအတွက် ယနေ့အချိန်ထိ ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ်(၁၀၃ ဒသမ ၅)သိန်းနှင့် ကျပ် ၉၆သိန်းခန့် တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ် လက်ခံရယူမည့် ပုဂ္ဂိုလ်များအတွက် ဖိတ်စာများထုတ်ယူနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

၁၃၇၆ ခုနှစ် တပေါင်းလပြည့်နေ့၊ ၂၀၁၅ ခုနှစ် မတ်လ ၄ ရက်(ဗုဒ္ဓဟူးနေ့)တွင်ကျင်းပမည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂) အဆောင်(၄၅) ကြီးကြပ်ရေးရုံးခန်း၌ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးလှမော် ဖုန်း-၀၉-၄၂၀၇၃၀၇၀၃ ထံတွင် ၂၀၁၅ ခုနှစ် မတ်လ ၁ ရက်မှစ၍ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်းလှမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ တိုက်ပွဲဝင်စစ်သည်များကို ငွေလှူဒါန်း

မင်းလှ ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှေ့တန်းရောက် တိုက်ပွဲဝင်စစ်သည်များနှင့် ရဲမေများအား ဂုဏ်ပြုငွေလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

ရှေ့တန်းရောက် တိုက်ပွဲဝင်စစ်သည်နှင့် ရဲမေများအတွက် အလှူငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရန်နှင့် မင်းလှမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သည် အခြားမြို့နယ် စစ်မှုထမ်းဟောင်းများနှင့်အတူ တပ်မတော်၏ အရန်အင်အားအဖြစ် ထာဝရရပ်တည်ပြီး လိုအပ်သောတာဝန်များကို ပူးတွဲထမ်းဆောင်သွားကြရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေး စီစဉ်ထားရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ဒေသမှ တိုက်ပွဲကြောင့် ဒေသအသီးသီးသို့ ရောက်ရှိနေကြသူများ၏ ကလေးများဖြစ်သည့် ကျောင်းသား ကျောင်းသူများ အတန်းဆုံးစာမေးပွဲများ ဖြေဆိုနိုင်ရေးအတွက် အောက်ပါအတိုင်းစီစဉ်ထားရှိပါသည်-

(က) သူငယ်တန်းမှ နဝမတန်းကျောင်းသား ကျောင်းသူများအတွက်

၁။ တိုက်ပွဲရှောင် ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ အတန်းဆုံးစာမေးပွဲများကို မိမိရောက်ရှိရာဒေသရှိ မြို့နယ်ပညာရေးမှူးထံ သတင်းပေးပို့ပြီး နီးစပ်ရာကျောင်းများတွင် ဝင်ရောက်ဖြေဆိုနိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

၂။ ယခုစစ်ဆေးသည့် ပုံမှန်စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုရန် အခက်အခဲရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၁၅-ခုနှစ် သင်္ကြန်ပွဲတော်အပြီးနှင့် ကျောင်းမဖွင့်မီကာလအတွင်း အတန်းဆုံးစာမေးပွဲများကို လောက်ကိုင်ဒေသတွင် သီးခြားပြန်လည်ကျင်းပပေးမည်ဖြစ်ပါသည်။

(ခ) ဒသမတန်းကျောင်းသား ကျောင်းသူများအတွက်

၁။ လောက်ကိုင်စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် စာရင်းသွင်းထားသော ကျောင်းသား၊ ကျောင်းသူများအတွက် ကွမ်းလုံမြို့တွင် သီးခြားစာစစ်ဌာန ဖွင့်လှစ်ပေးမည်ဖြစ်ပါသဖြင့် အဆိုပါမြို့နယ်ရှိ မြို့နယ်ပညာရေးမှူးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၂။ ထို့အပြင် မိမိတို့ရောက်ရှိ အခြေပြုရာဒေသရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုလိုပါက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်-

(ကက) ဦးမျိုးမြင့်အောင်(ဦးစီးအရာရှိ)
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ဖွဲ့ကပင်ဆောင်)
ဖုန်း (၀၁) ၆၅၃ ၅၀၉
လက်ကိုင်ဖုန်း (၀၉) ၅၀၆ ၁၇၇၆

(ခခ) ဒေါက်တာမြတ်စိုးအောင် (လက်ထောက်ညွှန်ကြားရေးမှူး)
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊နေပြည်တော်
ဖုန်း(၀၆၇) ၄၃၀ ၁၆၈
လက်ကိုင်ဖုန်း(၀၉) ၂၅၆၀ ၈၈၅၂၁

(မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ဗဟိုကော်မတီဌာနချုပ်

ရန်ကုန်မြို့

ထုတ်ပြန်ကြေညာချက်(၁/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

၁။ ဖုန်ကြားရှင်ခေါင်းဆောင်သော ကိုးကန့်တိမ်းရှောင်အင်အားစုများသည် လူအင်အား၊ လက်နက်အင်အား အသုံးပြု၍ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်မှ စတင်ကာ၊ ရှမ်းပြည်နယ် လောက်ကိုင်နယ်မြေအတွင်း တပ်မတော်စခန်းများနှင့် နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်နေသော စစ်ကြောင်းများကိုတိုက်ခိုက်ခြင်း၊ ပြည်သူလူထုနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများကို တိုက်ခိုက်ခြင်းများပြုလုပ်ခဲ့သည်။

၂။ အဆိုပါလုပ်ရပ်များသည် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးစော်ကားခြင်းဖြစ်သည်ဟု မိမိတို့ပါတီက အလေးအနက်ခံယူသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးမှုပြုလုပ်ခဲ့ကြသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား ပြင်းထန်စွာရှုတ်ချကန့်ကွက်သည်။

၃။ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်သားများနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည့် တပ်မတော်၏ဆောင်ရွက်မှုများကို ချီးကျူးဂုဏ်ပြုပါသည်။

၄။ နိုင်ငံ၏အချုပ်အခြာနှင့်ပိုင်နက်ကို အသက်နှင့်လဲ၍ ကာကွယ်ခဲ့သည့် တပ်မတော်သားများအား ဂုဏ်ပြုကြောင်းနှင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ရဲဘော်ကြင်မောင်ရေးသားသည့် “ပြည်သူ့အာဏာဆောင်းပါးများ(၂၀၀၉-၂၀၁၃)” စာအုပ်အား တရားရုံးမှ ယာယီတားဝရမ်းထုတ်ဆင့်လိုက်ခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ထုတ်ဝေသူ ဦးချစ်ညွှန့်(ဇင်ရတနာစာပေ) က သုခရွှေစင်ပုံနှိပ်တိုက်တွင် ပုံနှိပ်ပြီး နှင်းဆီနီစာပေမှဖြန့်ချိသည့် ရဲဘော်ကြင်မောင်ရေးသားသော “ပြည်သူ့အာဏာဆောင်းပါးများ(၂၀၀၉-၂၀၁၃)” စာအုပ်သည် တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း၊ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးစေလိုမှုနှင့် ၎င်းစာအုပ်အား ထုတ်လုပ်ဖြန့်ချိခြင်းမပြုရေးအတွက် တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်း(၁)အရ တားဝရမ်းထုတ်ပေးစေလိုမှုတို့ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက တရားလိုပြုလုပ်၍ (၂၂-၁-၂၀၁၅) ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၃၂ ဖြင့် အဆိုလွှာတင်သွင်း၍ ဦးတိုက်လျှောက်ထားခဲ့ပါသည်။ ထိုသို့လျှောက်ထားလာခြင်းအပေါ် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက အဆိုပါစာအုပ်အား တရားမဝင် ထုတ်ဝေစာမဟုတ်ကြောင်း အမိန့်တစ်စုံတစ်ရာမချမှတ်မီ ဖြန့်ချိခြင်းမပြုရန် ယာယီတားဝရမ်းထုတ်ဆင့်လိုက်ကြောင်း (၂၀-၂-၂၀၁၅) ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပါသဖြင့် စာပေပုံနှိပ်ထုတ်ဝေဖြန့်ချိသူများသိရှိနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

တပ်မတော်သားများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ဖုန်း ၀၉-၇၃၂၀၆၆၉၉၊ ၀၃၁-၂၅၉၂၆ (ရန်ကုန်)

ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး ဖုန်း ၀၉-၅၂၅၀၉၉၅၊ ၀၃၃-၃၆၀၃၃ (လားရှိုး)

ပြည်တွင်းသတင်း

ရန်ကုန်ပညာရေးတက္ကသိုလ်၌ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို လေ့လာသုံးသပ်ဆွေးနွေးအကြံပြု

သတင်း၊ ဓာတ်ပုံ ခင်ချိုဝင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ပါ ပြင်ဆင်ဖြည့်စွက်သည့် ပြဋ္ဌာန်းချက်များနှင့် တည်ဆဲအမျိုးသားပညာရေး ဥပဒေပါပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယားတို့ကို ပြည်သူများ၊ တက္ကသိုလ်ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအားလုံး သိရှိလေ့လာအကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

ယင်းဖော်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ ကမာရွတ်မြို့နယ် သထုံလမ်းရှိ Learning Hub ၌ လေ့လာသုံးသပ်ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ် သင်ပြနည်းပညာဌာနမှ ဒေါက်တာစိုးသန်းက ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားပြီး ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များက အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဥပဒေ(မူကြမ်း)အပေါ် ကျောင်းသား ကျောင်းသူ အချို့၏ ဆွေးနွေးမှုမှာ- "အခုပြင်ဆင်တဲ့ဥပဒေမူကြမ်းက လွတ်လပ်မှုကို ဦးစားပေးတယ်။ ဗဟိုကချုပ်ကိုင်မှုကို လျှော့ချမယ်ဆိုတဲ့အတွက် ပုဒ်မ ၂(ဂ)ကို ပယ်ဖျက်မယ်၊ အမျိုးသားပညာရေးကော်မရှင်ကို ဖျက်မယ်ဆိုပြီး ပြင်ဆင်ချက်(မူကြမ်း)မှာပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ အုပ်ချုပ်မှုအတွက် မဟုတ်ဘဲ ကူညီပေးဖို့ ပြန်ထည့်ထားတာကို တွေ့ရတယ်။ ကျောင်းသားအများစုက ဆွေးနွေးတဲ့အခါလွတ်လပ်မှုကိုပဲ အမြဲတမ်းဦးစားပေးလို့ မရဘူးလို့တွေးတယ်။ အထိန်းအကွပ်တော့ လိုမယ်။ တက္ကသိုလ်တိုင်းကတော့ ကိုယ်ပိုင်လုပ်ကိုင်ခွင့်တော့ရှိရမယ်။ အဲဒီလိုမျိုးဖြစ်စေချင်တယ်"ဟု ရန်ကုန်ပညာရေးတက္ကသိုလ် စတုတ္ထနှစ်ကျောင်းသူ ဆုရည်မွန်က ၎င်း၏ အမြင်ကိုပြောသည်။

"ကျွန်မတို့ ကျောင်းသားကိုယ်စားလှယ်တွေက အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီးတော့နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်ပြီး အလယ်တန်းနဲ့ အထက်တန်းအခမဲ့ပညာရေးတွေ ဖြစ်လာမယ်။ ဒါ့အပြင် အဆင့်မြင့်ပညာရေးအထိပါ ဖြစ်လာနိုင်တဲ့အတွက် အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ပုဒ်မ ၆၆ (ဂ) အဆိုကို ပယ်ဖျက်ချင်တယ်လို့ အကြံပြုချင်ပါတယ်"ဟု ရန်ကုန်ပညာရေးတက္ကသိုလ် မဟာကျောင်းသူ မအိအိဖြိုးက ၎င်း၏ သဘောထားများကို ပြောကြားသည်။

"ကျွန်တော်တို့က ပညာရေးနဲ့ တိုက်ရိုက် ပတ်သက်နေသူတွေပါ။ ဒါကြောင့် ဒီဆွေးနွေးပွဲကို လာနားထောင်တယ်။ ဥပဒေဆိုင်ရာ ဗဟုသုတလည်းရတယ်။ ကျောင်းသားတွေ မေးတာကိုလည်း ဆရာတွေက ပြန်ရှင်းပြကြတယ်။ ဆွေးနွေးသွားတာတွေ အလွန်ကောင်းပါတယ်"ဟု ကျောင်းသားတစ်ဦးကလည်း အဆိုပါဆွေးနွေးပွဲအပေါ် ပြောကြားသွားသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကလည်း ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ဆွေးနွေး

ရီရီမြင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ် ပင်မဆောင်ခန်းမ၌ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်က "အမျိုးသား ပညာရေး ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ပြင်ဆင်လိုတာကို အကြံပြုတင်ပြကြဖို့ ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ပါတယ်။ အဓိကကတော့ စီမံခန့်ခွဲမှု၊ သင်ရိုးညွှန်းတမ်း၊ ကျောင်းသားတွေရဲ့ ရွေးချယ်ခွင့်၊ ဆရာ ဆရာမကိစ္စတွေနဲ့ဆိုင်တဲ့ဥပဒေတွေကို အကြံပြုဆွေးနွေးကြရန်နဲ့ ဒီတက္ကသိုလ်ရဲ့ အကြံပြုချက်တွေကို အဆင့်ဆင့်တင်ပြသွားမှာပါ"ဟု ပြောကြားသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဖွံ့ဖြိုးရေးပညာ အထူးပြု တတိယနှစ်ကျောင်းသား မောင်ဇေယျာလွင်က "ဒီအမျိုးသားပညာရေးဥပဒေနဲ့ ပတ်သက်ပြီးတော့ ပြန်ပြင်စရာတွေ ရှိတယ်လို့လေ့လာမိတယ်။ ဝေဖန်ထောက်ပြမှုတွေရတယ်။ စကားလုံးတွေတချို့ ပြင်ရမယ်။ ဒီလိုဆွေးနွေးပွဲတွေက ကောင်းပါတယ်။ တက္ကသိုလ်တွေမှာ ဒီလိုဆွေးနွေးပွဲတွေလုပ်ရမှာ၊ ကျောင်းသားတွေအားလုံး ဘဝရှေ့ရေးအတွက် စာမေးပွဲဖြေကြပါ။ ဒီသပိတ်တွေကြောင့် ကျောင်းတွေပိတ်တာ၊ စာမေးပွဲတွေ ရပ်စဲသွားတာကို မလိုလားပါဘူး "ဟု ပြောကြားသည်။

အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပါ ပြင်ဆင်ဖြည့်စွက်လိုသည့် ပြဋ္ဌာန်းချက်များနှင့် တည်ဆဲအမျိုးသားပညာရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်ဇယားဖြင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီး ပြည်သူအများအကြံပြုနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းဖွင့်

ဟသ်ာတ ဖေဖော်ဝါရီ ၂၀

ဟသ်ာတမြို့စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၅) စက်မှု လယ်ယာစခန်းမှ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်မှု သင်တန်းအား ဟသ်ာတမြို့ စစ်ကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတန်ဆောင်းတော်ကြီး၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မိုးဦးနှင့် တောင်သူ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးက စက်များပြုပြင်ထိန်းသိမ်းမှုအကြောင်း ပြောကြားသည်။ တိုင်းဒေသကြီး အစီ အစဉ်ဖြင့် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှုသင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်လုံး ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှု သင်တန်းကို ၁၂ ရက်တိတိ ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချသွားမှာဖြစ်ပြီး နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချ၍ လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ စပါးခြွေလှေ့စက်၊ ကောက်ရိတ်စက်၊ ကောက်စိုက်စက်အပါအဝင် စက်ကိရိယာစုံလင်စွာ သင်ကြားမည်ဖြစ်ပြီး သင်တန်းသားဦးရေ ၃၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အေးထွန်း(ဟသ်ာတ)

ထီလုံကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၀

ကရင်ပြည်နယ် ထီလုံကျေးရွာ ကုလားကုန်းရပ်ကွက် မပေဒါရီ (၂၈ နှစ်) နေအိမ်တွင် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ နံနက်က ထမင်းဟင်းများကို ထင်းမီးဖြင့် ချက်ပြုတ်စားသောက်ပြီး မီးကိုမငြှိမ်းသတ်ဘဲထားရှိကာ ညနေ ၃ နာရီတွင် ကလေးနေမကောင်း၍ ဆေးဝယ်ရန် ထွက်သွားခဲ့ရာမှ နေအိမ်ကိုမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ လူ၊ တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိဘဲ နေအိမ်တွင်ထားရှိသော ငွေကျပ် ၁၃ သိန်းနှင့် နေအိမ်တန်ဖိုးငွေကျပ် တစ်သိန်းနှစ်ထောင်ခန့် စုစုပေါင်း ငွေကျပ် ၁၄ သိန်းနှစ်ထောင်ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး မီးပေါ့ဆသူ မပေဒါရီအား ထီလုံရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မွေးမြူရေးဆေးတက္ကသိုလ် ကျန်းမာရေးဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ကျန်းမာရေးဆိုင်ရာဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမာမာဝင်းနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဆွေးနွေး

ဆက်လက်၍ Glaxosmithkline (GSK)ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက သားအိမ်ခေါင်းကင်ဆာနှင့် အသည်းရောင်အသားဝါရောဂါအကြောင်း ဟောပြောရာ တက်ရောက်လာသူအချို့၏ မေးမြန်းမှုများအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

(၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား မြန်အောင်မြို့နယ်၌ ကျင်းပ

မြန်အောင် ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ရေတာကျေးရွာတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက်က (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော ရဲဘော်များအား အလေးပြုခြင်းဆောင်ရွက်ပြီး သဘာပတိကြီးက မင်္ဂလာမောင်းကိုသုံးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေက ဖတ်ကြားသည်။ ဆက်လက်၍အရှိုချင်းဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဝတ်စားဆင်ယင်မှု ဓလေ့ထုံးတမ်းများ၊ ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံနှင့် အခမ်းအနားတွင်ခင်းကျင်းဆင်ယင်ပြသထားသော ချင်းတိုင်းရင်းသားတို့၏ အမှတ်အသားတံဆိပ်များကို ရှင်းလင်းပြောကြားကြသည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်ဌေးမြင့်က ခြင်ထောင်များနှင့် ကြာဆံထုပ်များကို ချင်းတိုင်းရင်းသားတို့အားပေးအပ်ပြီး အရှိုချင်း ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတိုးတက်ရေးအတွက် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းသည်။ (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ အလှူငွေများ ပေးအပ်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး၏ တိုင်းရင်းဧကရီရွေးပွဲကျင်းပ

သတင်း-မေဦးမိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် တိုင်းရင်းဧကရီရွေးချယ်ပွဲနှင့် တိုင်းရင်းသားရိုးရာဓလေ့ကပွဲကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ပြည်သူ့ဥယျာဉ်ရေဘောလုံးအနီး ကွင်းအမှတ်(၁)၌ ကျင်းပသည်။

အမျိုးသားယဉ်ကျေးမှုနှင့်တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အမျိုးသမီးငယ်လေးများအကြား တိုင်းရင်းသားရိုးရာဓလေ့ထုံးစံများကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားနားလည်နိုင်စေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် တိုင်းရင်းသူအလှမယ် ၂၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြင် အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူလေးများက တိုင်းရင်း သားရိုးရာအကများကို ဖျော်ဖြေကြသည်။

"နှစ်စဉ်ကျင်းပခဲ့တာဖြစ်ပြီး ဆုတွေကိုလည်း ထိုက်တန်စွာ ပေးအပ်မှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဟာ ပြည်ထောင်စုဖွားတွေအများအပြား စုစည်းထားတာကြောင့် တိုင်းရင်းသားတွေရိုးရာဓလေ့မတိမ်ကောအောင် လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နှစ်စဉ်ဖေဖော်ဝါရီလတိုင်းမှာကျင်းပခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးတစ်မျိုးနဲ့တစ်မျိုး မတူညီတဲ့ ဝတ်စားဆင်ယင်မှု၊ ဆံထုံးထုံးဖွဲ့မှု၊ ဘာသာစကား စတာ

တွေကို အပြန်အလှန် လေးစားလိုက်နာကြဖို့ဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါ်ခင်လှမြင့်က ပြောကြားသည်။

တိုင်းရင်းဧကရီရွေးချယ်ပွဲနှင့်အတူ တိုင်းရင်းသားရိုးရာအကများ၊ ဟားတစ်သိုက်နှင့်ဒီစတားလူရွှင်တော်အဖွဲ့များ၏ တင်ဆက်မှု၊ လူငယ်အကြိုက် အဆိုတော်များ၏ တင်ဆက်မှုနှင့်အတူ တိုင်းရင်းသားရိုးရာ စျေးရောင်းပွဲများလည်း ပါဝင်ကြောင်းသိရသည်။ တိုင်းရင်းဧကရီပြိုင်ပွဲဝင် ၂၂ ဦးတို့ကို အဆင့်ဆင့်ယှဉ်ပြိုင်မှုများ ပြုလုပ်ခဲ့ပြီး တိုင်းရင်းဧကရီအဖြစ် ရခိုင်ရိုးရာဝတ်စုံဖြင့် ရခိုင်တိုင်းရင်းသူ မထွေးမြတ်ပိုအောင်ကရရှိခဲ့ပြီး ဒုတိယဆုကို ကယားတိုင်းရင်းသူလေး မမော်သိုးပြာကလည်းကောင်း၊ တတိယဆုကို ချင်းတိုင်းရင်းသူလေး အယ်လင်းဒိန်းသျှန်ဟောက်ကလည်းကောင်းရရှိခဲ့ပြီး အခြားဆုများကိုလည်း ရွေးချယ်ပေးအပ်ခဲ့သည်။

ပထမဆုအဖြစ် ငွေကျပ်ငါးသိန်းနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချီးမြှင့်သည့်ဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုအဖြစ် ငွေကျပ်လေးသိန်းနှင့်အဖွဲ့ချုပ်က ချီးမြှင့်ငွေ၊ တတိယဆုအဖြစ် ဆုငွေကျပ် သုံးသိန်းနှင့်အဖွဲ့ချုပ်က ချီးမြှင့်ငွေများကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါ်ခင်မေလတ်၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်စိုးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

(မြန်မာ့အလင်း)

စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲ ဖြေဆို

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အလက (၁) ကျောင်းများသို့ သွားရောက်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မင်းကုန်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုကြောင်း သိရသည်။

ရွှေကုက္ကို

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

အသက်အာမခံအကြောင်းသိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ထောက်ရှာပင်ရေနံမြေအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက မြန်မာ့အာမခံလုပ်ငန်းမှ အသက်အာမခံအကြောင်း ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ရာ မကွေးတိုင်းဒေသကြီး တာဝန်ခံ ဦးကျော်မျိုးဆွေက အသက်အာမခံလုပ်ငန်းနှင့်စပ်လျဉ်းသည့် ရည်ရွယ်ချက်၊ ရရှိနိုင်သည့် အကျိုးကျေးဇူးနှင့် အကျိုးခံစားခွင့်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ ထောက်ရှာပင်ရေနံမြေမှ အထွေထွေမန်နေဂျာ ဦးကရင်နော်အောင်အပါအဝင် အရာထမ်း၊ အမှုထမ်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်ငူတွင် မြေကျင်းတူးရာမှ ဗုံးသီးဟောင်းတွေ့ရှိ

တောင်ငူ ဖေဖော်ဝါရီ ၂၀

တောင်ငူမြို့(၁၃)ရပ်ကွက်ရှိ သမိုင်းဝင်ရွှေဆံတော်ဘုရား အနောက်ဘက်မုခ်ဘေးတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲက ကားပါကင်ပြုလုပ်ရန်အတွက် ဦးလှစိုး(၃၂ နှစ်)ကင်းဆိပ်အုပ်စု တောင်ငူမြို့နေသူနှင့်အဖွဲ့က မြေကျင်းတူးရာ မြေကျင်းအနက်နှစ်ပေခွဲအရောက်တွင် ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိကြောင်း သိရသည်။

အဆိုပါဗုံးသီးဟောင်းသည် လုံးပတ် ၁၀ လက်မခန့်၊ အချင်းလေးလက်မ၊ အလျား ၁၄ လက်မခန့် သံချေးတက်နေပြီး အသက်မဝင်တော့သည့် ဗုံးသီးဟောင်းတစ်လုံးဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရှိရပြီးနယ်မြေခံစစ်အင်ဂျင်နီယာတပ်သို့အပ်နှံရန် စီစဉ်ထားကြောင်း သိရသည်။ **သူရ(တောင်ငူ)**

ပြည်တွင်းအားကစား

အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ အစမ်းလေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်၏အဌမ မြောက်နေ့အဖြစ် ယနေ့ နံနက် ၇ နာရီမှစ၍ နေပြည်တော်ရှိ အားကစားကွင်း၊ အားကစားရုံအသီးသီး၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လိုက်လံကြည့်ရှုအားပေးပြီး အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေး ကွင်းအမှတ် (၄)၌ ကျင်းပသော အမျိုးသားဘောလုံးပြိုင်ပွဲ နေပြည်တော်ကောင်စီနယ်မြေနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်းအမှတ် (၁)၌ကျင်းပသည့် မသန်စွမ်းအားကစားပြိုင်ပွဲ၏ အမျိုးသား ပိုလီယိုတစ်ဖက် သံပြားပစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘော်လီဘော အားကစားလေ့ကျင့်ရေးရုံ၌ကျင်းပသော မသန်စွမ်းပြိုင်ပွဲ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲ၏ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိပိုက်ကျော်ခြင်းအားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပသော ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဧရာဝတီတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပသည့် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်မှု အစီအစဉ်များကို ကြည့်ရှုစစ်ဆေးကာ အခမ်းအနား အစီအစဉ်တစ်ခုချင်းစီအလိုက် လိုအပ်သည်များကို မှာကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသော ဂျူဒိုပြိုင်ပွဲသို့ရောက်ရှိလာပြီး အမျိုးသမီး (၇၀) ကီလိုတန်းမှ ဗိုလ်လုပွဲအဖြစ် ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မှ အားကစားသမားတို့ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ အမျိုးသား (၆၆)ကီလိုတန်း ဗိုလ်လုပွဲမှ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် အားကစားသမားတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီး (၇၀)ကီလိုတန်းတွင် ဆုရရှိကြသော ပူးတွဲတတိယဆုရ မွန်ပြည်နယ်မှ ဆွေဇင်ဦး၊ကချင်ပြည်နယ်မှလေးလေးနွယ်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဖြိုးဆွေဇင်ကျော်၊ ပထမဆုရ ကရင်ပြည်နယ်မှ နန်းချမ်းချမ်းမြွေတို့ကို လည်းကောင်း၊ အမျိုးသား(၆၆) ကီလိုတန်းတွင် ဆုရရှိကြသော ပူးတွဲတတိယဆုရ ရှမ်းပြည်နယ်မှ ခွန်သန့်ဇင်၊ ကချင်ပြည်နယ်မှ အောင်နိုင်၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မျိုးဇော်ဦး၊ ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ဆန်းလင်းအောင်တို့အား ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

❀ *ကျောဖုံးမှ*

ရုံ၌ကျင်းပရာ အမျိုးသမီးသုံးယောက်တွဲ အသင်းလိုက်အုပ်စုပွဲစဉ်တွင် ဧရာဝတီက ပဲခူးကိုလည်းကောင်း၊ ရန်ကုန်က စစ်ကိုင်းကိုလည်းကောင်း အသီးသီးအနိုင်ရကြပြီး အမျိုးသား သုံးယောက်တွဲအသင်းလိုက် ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ရန်ကုန်က ရှမ်းကိုလည်းကောင်း၊ ရခိုင်က နေပြည်တော်ကိုလည်းကောင်း၊ မန္တလေးက ကချင်ကိုလည်းကောင်း၊ စစ်ကိုင်းက ကယားကိုလည်းကောင်း အသီးသီးအနိုင်ရကြသည်။

ဖူဆယ်ပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားအုပ်စုပွဲစဉ်တွင် ရှမ်းက မန္တလေးကို (၇-၃)ဂိုးဖြင့်လည်းကောင်း၊ ရခိုင်က ကချင်ကို (၁၃-၁) ဂိုးဖြင့်လည်းကောင်း အနိုင်ရကြသည်။

မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိ လက်ဝှေ့အားကစားရုံ၌ကျင်းပရာ အမျိုးသား ၆၀ကီလိုတန်းတွင် စိုးမင်းဦး(မွန်)က အားမာန်(မန္တလေး)ကို ဒုတိယအချီ ၂ မိနစ်၂၀စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ စူပါ(ကရင်)က သိန်းညီညီ(ပဲခူး)ကို ဒုတိယအချီ ၁ မိနစ် ၅၆ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းတွင် စလူကာ(ကယား) ကိုယ်အလေးချိန်များသဖြင့် စောဝီလျံ(ကရင်)ကလည်းကောင်း၊ ပြည့်ဖြိုးမောင် (တနင်္သာရီ) ဆေးကျသဖြင့် ထွန်းနိုင်ဦး(ပဲခူး)က လည်းကောင်း၊ အမျိုးသား ၇၁ ကီလိုတန်းတွင် စိုးထက်ဦး (ပဲခူး) စတုတ္ထအချီအစတွင် ဆက်လက် မယှဉ်ပြိုင်နိုင်သဖြင့် ရဲရင့်အောင်(တနင်္သာရီ)က လည်းကောင်း၊ သန်းကျော်ဌေး(မွန်) ပထမအချီ ၁ မိနစ် ၄ စက္ကန့်တွင် ဒဏ်ရာအနာတရဖြစ်၍ သွေးသစ်အောင်(ကရင်)က လည်းကောင်း အသီးသီးအနိုင်ရကြသည်။

အမျိုးသားဘောလုံး အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်း (၃/၄)၌ ကျင်းပရာ နေပြည်တော်က စစ်ကိုင်းကို (၃-၁)ဂိုးဖြင့်အနိုင်ရကာ ရှမ်းနှင့်မကွေးတို့ တစ်ဂိုးစီဖြင့် လည်းကောင်း၊ကရင်နှင့်မန္တလေးတို့ တစ်ဂိုးစီဖြင့် လည်းကောင်း သရေကျပြီး အမျိုးသမီးအုပ်စုပွဲစဉ်များတွင် ဧရာဝတီက ကယားကို (၁၁-၀)ဂိုးဖြင့်လည်းကောင်း၊ ရှမ်းက စစ်ကိုင်းကို (၁၄-၂) ဂိုးဖြင့်လည်းကောင်း အနိုင်ရကြသည်။

တိုက်ကွမ်ဒိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ကျင်းပရာ အတိုက်ပြိုင်ပွဲ ၂၇ ပွဲတို့ ယှဉ်ပြိုင်ကြပြီး အမျိုးသား(-၆၈) ကီလိုဖယ်သာဝိတ်တန်း ပြိုင်ပွဲတွင် မျိုးလှိုင်ထွန်း(ရခိုင်)က ထွန်းထွန်းအောင်(မန္တလေး)ကို လည်းကောင်း၊ အောင်မြင့်မြတ်(ရန်ကုန်)က ဇော်မျိုးလတ်(စစ်ကိုင်း)ကို လည်းကောင်း၊ ဇေယျာအောင်(မကွေး)က မျိုးလှိုင်ထွန်း(ရခိုင်)ကို လည်းကောင်း၊ မျိုးမင်းသူ(ပဲခူး)က ခွန်ထူးဦး(ရှမ်း)ကို လည်းကောင်း၊ (-၅၈)ကီလိုဖလိုင်းဝိတ်တန်းတွင် ခိုင်ဇော်ဝေ(ပဲခူး)က ခိုင်လင်းအောင်(ရှမ်း)ကိုလည်းကောင်း၊ရဲလင်းကျော်(မန္တလေး)က ဇင်မင်းဦး(မကွေး)ကိုလည်းကောင်း၊ ချမ်းမြေ့အောင်(ကချင်)က မျိုးမင်းဇော်(ဧရာဝတီ)ကို လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ဂျူဒိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပရာ အမျိုးသား၊ အမျိုးသမီးပွဲစဉ်ပေါင်း ၅၆ ပွဲ ယှဉ်ပြိုင်ကြသည်။

မြန်မာယူ-၂၀နှင့် ဖီဂျီယူ-၂၀ တို့ ဒုတိယခြေစမ်းပွဲ ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် မြန်မာယူ-၂၀ အသင်းနှင့် ဖီဂျီယူ-၂၀အသင်းတို့သည် ဒုတိယ ခြေစမ်းပွဲအဖြစ် ဖေဖော်ဝါရီ ၂၁ ရက် (ယနေ့) ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခု ခြေစမ်းပွဲမှာ ဖီဂျီယူ-၂၀ အသင်း၏ မြန်မာနိုင်ငံ ခြေစမ်းခရီးစဉ် နောက်ဆုံးပွဲစဉ်ဖြစ်ပြီး နှစ်ပွဲကစားအပြီးတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဖီဂျီယူ-၂၀ အသင်းမှာ ပထမပွဲတွင် မြန်မာယူ-၂၀ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး မြန်မာယူ-၂၂ အသင်းနှင့် ဂိုးမရှိသရေကျခဲ့သည်။ မြန်မာယူ-၂၀ အသင်းနှင့် ဖီဂျီယူ-၂၀ အသင်းတို့၏ ခြေစမ်းပွဲ ပထမပွဲတွင် မြန်မာအသင်းက သန်းပိုင်၏ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာယူ-၂၀ အသင်းနှင့် ဖီဂျီယူ-၂၀ အသင်းတို့သည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းများဖြစ်ပြီး ရှုံး/ထွက်အဆင့်သို့ တက်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြန်မာယူ-၂၀ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် နိုဝင်ဘာ ၁၇ ရက် ကတည်းက လေ့ကျင့်လျက်ရှိပြီး ယခုခြေစမ်းပွဲမှာ ပြည်ပအသင်းများနှင့် ခြေစမ်းကစားသည့် ရှစ်ပွဲမြောက် ခြေစမ်းပွဲဖြစ်လာမည်ဖြစ်သည်။

ခြေစမ်းပွဲကစားမည့် မြန်မာယူ-၂၀ အသင်း ကစားသမားများ။

အိတ်ဖွင့်လုပ်ငန်းတင်ဒါခေါ်ယူခြင်း
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မော်လမြိုင်ခရိုင်၊မော်လမြိုင်မြို့

၁။ မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊မော်လမြိုင်ခရိုင်မှ (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်)(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်) ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အတ္တရံတံတား (ချောင်းနှစ်ခွ) ချဉ်းကပ်လမ်းလုပ်ငန်းများအား ပွင့်လင်းရာသီတွင် အချိန်မီပြီးစီးနိုင်ရေးအတွက် တိုင်းရင်းသား ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်လုပ်ငန်းတင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား ကြိုတင်စိုက်ထုတ်ဆောင်ရွက်ရမည်။)

တင်ဒါရောင်းချမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်
တင်ဒါစတင်ရောင်းချမည့်ရက် - ၂၀-၂-၂၀၁၅ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်ရက် - ၂၇-၂-၂၀၁၅ရက်(သောကြာနေ့)နံနက်၁၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၇-၂-၂၀၁၅ရက်(သောကြာနေ့)နံနက်၁၀နာရီ
နေရာ - ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မော်လမြိုင်ခရိုင်၊ ဖုန်း-၀၅၇-၂၄၇၅၉

ဘဝအလှဆင် ဓမ္မသဘင် အထူးတရားပွဲကြီး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ ပြည်လုံးချမ်းသာ-သာစည်ဘုရားကြီး ရင်ပြင်တော်၌ မြို့သူ မြို့သားများနှင့် တရားပွဲဖြစ်မြောက်ရေးအကျိုးတော်ဆောင်များ စုပေါင်း၍ ဘဝအလှဆင်ဓမ္မသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍-

- (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၅ ရက်) ၂၂-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ဒေါက်တာအရှင်အဂ္ဂဝရ (ဖြူးမဟာစည်ဆရာတော်) နိုင်ငံတော်ဓမ္မကထိက ဗဟုဇနဟိတရေး၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D (ဖြူး-ရန်ကုန်)
- (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၆ ရက်) ၂၃-၂-၂၀၁၅ ရက် (တနင်္လာနေ့) ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်) D.Litt, Ph.D၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတရေး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စစ်ကိုင်းတောင်ရိုး၊ သီတဂူဗုဒ္ဓတက္ကသိုလ်

အရှင်သူမြတ်များမှ မိမိတို့၏ရခဲသော လူ့ဘဝကြီးကို မြတ်ဗုဒ္ဓဟောကြားညွှန်ကြားဆုံးမတော်မူခဲ့သော ဒါန-သီလ-သမထ-ဝိပဿနာ ကုသိုလ်ဓမ္မဖြင့် အလှဆင်နိုင်ရန်အတွက် ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၈၊ မြေကွက်အမှတ်၇၄၉၊ မြေကွက်တည်နေရာအမှတ် ၇၄၉၊ ရွှေအုတ်ဂူလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်(ဒေါ်တင့်တင့် CB-၀၂၁၄၆၆)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင့်တင့်က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၁၉၈၇ ခုနှစ်တွင် ဒေါ်တင့်တင့်မှ အရောင်း မြေပုံကူးလျှောက်ထားခြင်းနှင့် ပတ်သက်၍ ယင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြလာသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် (၃၉၇/က)၊ မြေကွက်တည်နေရာ အမှတ်(၃၉၇/က)၊ နဝရတ် ၁ လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်(ဦးချန်ဒရား၊ဒေါ်မကာရာပါရီ) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မကာရာပါရီ(ခ)ဒေါ်လှလှဝင်း(ညီမ)အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် အစ်ကိုဖြစ်သူ ဦးချန်ဒရား (ခ)ဦးစိန်ဝင်း ၁၂/သကတ(ပြ)၀၀၀၄၀၅က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8k/9503,Myanmar Kyaw L/T,P/U ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၃/ကကရ(နိုင်)၀၆၀၃၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့



ပျောက်ဆုံးကြောင်း

ကျွန်မ မဇင်မာဦး TME-၀၃၇၃၃၂ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၅၃၆၆၁၁၂**

ပြည်တွင်းသတင်း

စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်သော အစားအသောက်များဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန် ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်	ခွင့်မပြုဆိုးဆေးပါဝင်မှု
၁။	ရောင်စုံတုတ်ထိုးချိုချဉ်	အမှတ်တံဆိပ်မပါ	Rhodamine B
၂။	ဆိတ်ပေါင်သားခြောက်ကြော်	ရွှေ	Orange II
၃။	Snack (ကြက်သားရေညှိအရသာ)	YOU SNACKS (ယူစနက်)	Rhodamine B
၄။	ရောင်စုံဝေဖာလုံး	F4	Rhodamine B
၅	ကပ်စေးနဲပြား	အောင်	Rhodamine B
၆။	သီးသီးပေါင်း	မျိုးမျိုးကျော်	Orange II
၇။	ဇီတာမင်ဝေဖာ	ချစ်ချစ်	Rhodamine B
၈။	ကပ်စေးနဲချောင်း	Pyae Wa	Rhodamine B
၉။	လက်ဖက်နှင့်အကြော်စုံ	ပလောင်မောင်နှမ	Auramin O
၁၀။	ပဲငပိ	ရွှေပဲငပိ	Rhodamine B
၁၁။	ရခိုင်မျှင်ငါးပိထောင်း	စိန်တစ်လုံး	Rhodamine B
၁၂။	မက်မန်းသီး	ကိုဧက	Sudan III

ကျန်းမာရေးဝန်ကြီးဌာန

အောင်အမှတ်တံဆိပ် ကပ်စေးနဲ အနီပြား

မျိုးမျိုးကျော်အမှတ်တံဆိပ် သီးသီးပေါင်း

ကိုဧကအမှတ်တံဆိပ် မက်မန်းသီး

ရွှေပဲငပိအမှတ်တံဆိပ် ပဲငပိ

စိန်တစ်လုံးအမှတ်တံဆိပ် ရခိုင်မျှင်ငပိထောင်း

တပ်မတော်သားများအတွက် အလှူငွေပေးအပ်

စစ်တွေ ဖေဖော်ဝါရီ ၂၀

လောက်ကိုင်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့်ဇနီး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုတို့က ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် လွှတ်တော်မှ ငွေကျပ် ၂၅ သိန်းကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းချစ်ဦးနှင့်ဇနီး မိသားစုက ငွေကျပ်သိန်း ၁၀၀ နှင့် ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ အလှူရှင်များက လောက်ကိုင်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

တောင်သူများထံမှ လယ်ယာမြေဝယ်ယူငွေပေးချေ

မအူပင် ဖေဖော်ဝါရီ ၂၀

မအူပင်ခရိုင် မအူပင်မြို့နယ် ပံတပွတ်ကျေးရွာအုပ်စုနှင့် ညောင်ဝိုင်းကျေးရွာအုပ်စုတို့ စက်မှုဇုန်ဆောက်ရန်အတွက် တောင်သူများထံမှ လယ်ယာမြေဝယ်ယူခြင်း ငွေပေးချေခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပသည်။စက်မှုဇုန်ဆောက်လုပ်ရန်အတွက် မအူပင်မြို့ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ မန်နေဂျင်းဒါရိုက်တာအဖွဲ့များဖွဲ့စည်း၍ ပံတပွတ်ကျေးရွာအုပ်စုမှ တောင်သူ ၅၀၊ ညောင်ဝိုင်းကျေးရွာအုပ်စုမှ တောင်သူ ၄၄ ဦး၏ စုစုပေါင်းဧက ၂၄၆ ဒသမ ၆၄ ဧက အပြီးအပြတ်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ တစ်ဧကလျှင် ၆၇ သိန်းနှုန်းဖြင့် ငွေပေးချေခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

Y.E.S. Since 1994
ကျောင်းဖွင့်ပါပြီ
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre
Basic Spoken English
Mon to Thurs-10:00-12:00am 9 Feb
Mon to Thurs 1:00-3:00pm 9,23 Feb
Sat & Sun - 9:00-12:00 am 14,28 Feb
Mon to Thurs-7:30-9:30am 16 Feb
Mon to Thurs-3:00-5:00pm 16,23 Feb
Mon to Thurs-5:30-7:00pm 23 Feb
Mon to Thurs 12:30-3:30pm 28 Feb
Pre-Intermediate English
Mon to Thurs 10:30-12:30am 9 Feb
Mon to Thurs-70:30-9:30 am 23 Feb
Mon to Thurs 10:00-12:00am 23 Feb
Sat & Sun - 12:30-3:30 pm 28 Feb
Vocabulary Enrichment Course
Mon to Thurs - 3:30-5:00 pm 16 Feb
Grammar Foundation Course
Sat & Sun - 9:00-12:00 am 14 Feb
Mon to Thurs - 3:30-5:00 pm 16 Feb
Structure & Written Expression
Sat & Sun - 3:30-6:30 pm 7 Feb
Mon to Thurs-1:00-3:00pm 16 Feb
Sat & Sun - 9:00-12:00 am 21 Feb
Basic Writing Course
Mon to Thurs - 10:00 - 12:00am 16 Feb
Mon to Thurs - 3:00 - 4:30pm 16 Feb
TOEFL, SAT, IELTS, AWC, IE, API
နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ
No.190, 2nd Flr., 28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅C/၁၂၅၃ Toyota Hilux LN 170 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းနိုင် ၇/ရကန(နိုင်)၀၀၁၂၈၅ က (ကမ-၃)ပျောက်ဆုံးသွား၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

အမည်ဖြည့်စွက်ခြင်း

ဦးစိန်ချမ်း၏ သမီး မငြိမ်းငြိမ်းအေး ၁၂/တမန(နိုင်)၀၈၀၂၄၃အား မငြိမ်းငြိမ်းအေး (ခ) မအေးအေးငြိမ်းဟု ဖြည့်စွက်ခေါ်ပါရန်။

ဖခင်အမည်မှန်

မိုင်းရှူးမြို့၊ အထက နဝမတန်း (ဂ)မှ မောင်နေလင်း၏ ဖခင်အမည်မှန်မှာ ဦးဘိုလှ ၁၃/မရန(နိုင်)၀၄၈၅၃၁ ဖြစ်ပါကြောင်း။ **ဦးဘိုလှ**

အမည်ပြောင်း

ရန်ကုန်မြို့နေ ကိုစည်ဝင်း-မအေးသီတာအောင်တို့၏သမီး **သမုဒယစည်သူဦး**အား ယနေ့မှစ၍ **သစ္စာသံစဉ်**ဟု ပြောင်းလဲခေါ်ပါရန်။

သစ္စာသံစဉ်

ဆောင်းပါး

အရန်အင်အား

မောင်ဆွေသက်

ခရစ်နှစ် ၂၀၁၅ ခုနှစ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် အရေးအကြီးဆုံးကာလ ဖြစ်ပါသည်။

သာမန်အချိန်တွင် အနေအေး၍ ခပ်ဝေးဝေးနေလေ့ရှိသော မြန်မာတစ်မျိုးသားလုံးသည် အရေးကြုံလျှင် စည်းလုံးသော၊ ညီညွတ်သော၊ ကျောချင်းကပ်၍ အရပ်ရှစ်မျက်နှာ ရှိရှိသမျှရန်ကိုတွန်းလှန်ရန် အသင့်ရှိသော လူမျိုးဖြစ်သည်။

မြန်မာနိုင်ငံအတွင်း တောင်ပေါ်မြေပြန့်နေရာ အနှံ့နေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် အမျိုးထိလျှင် မချိအောင်နာတတ်သူများ၊ သွေးစည်းညီညွတ်သူများဟူ၍လည်း ဂုဏ်ယူမဆုံး ရှိခဲ့ကြသည်။

ထို့ကြောင့်လည်း မြို့ကြီးမြို့ငယ်၊ လမ်းသွယ်လမ်းမ သွားလာလှုပ်ရှားရင်း တွေ့ကြသူ၊ ဆုံကြသူအားလုံး ရင်ထဲမှာ အကြောင်းအရာတစ်ခုတည်းသာ ရှိနေကြသည်။

လောက်ကိုင်ဒေသဆူပူမှုများ၊ တိုက်ပွဲများ။

နိုင်ငံတော်အစိုးရထံမှ တရားဝင်ထုတ်ပြန်သော သတင်းများ မကြားသိရခင်ကပင် ဖေ့စ်ဘွတ်သတင်းများ သိကြရသည်။

ဟုတ်ပါသည်။ "လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေး တပ်မတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိ" ဟူသော သတင်းအပြည့်အစုံကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ နယ်မြေဖြစ်သော သံလွင်မြစ်အရှေ့ခြမ်း ကိုးကန့်ဒေသ မြေပုံနှင့်တကွ ထုတ်ပြန်သော သတင်းကို အသေးစိတ်မသိရသေးခင် ၁၂ ရက်နေ့ မနက်မှာ ကျွန်တော်နှင့်တစ်ချိန်က လက်တွဲ၍ တိုက်ပွဲဝင်ခဲ့ဖူးသော ရဲဘော်ရဲဘက် လုပ်ဖော်ကိုင်ဘက်တစ်ဦး ကျွန်တော့်အိမ်သို့ ရောက်လာသည်။

၁၉၇၂ ခုနှစ် ၁၉၇၇ ခုနှစ်အထိ ဖိုးဂေါ်ရခါး(ခေါ်) အမှတ်(၄)ခြေလျင်တပ်ရင်းတွင် တပ်ရင်းမှူးတာဝန်ယူခဲ့စဉ်က အတူလက်တွဲခဲ့သော ဗိုလ်မှူးခင်မောင်မြင့် (စစ်တက္ကသိုလ်-၁၀)က အိမ်ကို ရောက်လာသည်။ ၁၂ ရက်နေ့တွင် ဖြစ်ပါ၏။ လောက်ကိုင်ဒေသ သတင်းကိုပြောသည်။

ခလရ (၄)တွင်အတူ လက်တွဲခဲ့ဖူးသော ဗိုလ်မှူးနိုင်စောနန်း (ချင်းအမျိုးသား)နှင့် ဗိုလ်မှူး သိမ်းဆွေ (ပန်းတောင်သား) တို့ထံ ရောက်ခဲ့ကြောင်း၊ ကိုးကန့်ဒေသမှ တိုက်ပွဲသတင်းကြားသမျှ ပြောမိကြကြောင်း၊ လွတ်လပ်ရေးရကတည်းက မငြိမ်းချမ်းခဲ့သော တိုင်းပြည်မှာ ငြိမ်းချမ်းရေးရတော့မည်ဟု မျှော်လင့်နေချိန်မှာ ကိုးကန့်ဒေသမှ ဆူပူမှုများသတင်းကြားရသဖြင့် မခံချင်စိတ် ဖြစ်ကြကြောင်း ပြောသည်။

"ကျွန်တော်တို့ကိုခေါ်ရင် သွားတိုက်ကြရအောင်လို့ ပြောမိကြသေးတယ်" ဟု ပြောလာသောစကားကို နားထောင်ရင်း သူ့မျက်နှာကို ကြည့်လျက်ငေးနေမိသည်၊ တွေးနေမိသည်။

ကျွန်တော် အသက်ရှစ်ဆယ်ရှိပြီ၊ သူတို့သူတို့ အသက်တွေလည်း ခြောက်ဆယ့်ငါးနှစ်-ခုနစ်ဆယ်ရှိကြပြီ။ ကျွန်တော့်ကို ပြောနေသော ဗိုလ်မှူးခင်မောင်မြင့်သည် သန်စွမ်းသူ မဟုတ်၊ တင်ပါးဆုံရိုးကိုခွဲ၍ ပေါင်ရင်းက အရိုးကို အစားထိုးကုသထားရသူဖြစ်သည်။ လမ်းကို သွက်သွက်မလျှောက်နိုင်၊ စိတ်ဓာတ်ကတော့ပြင်းသည်။

သူ့စကားကြားလျက် သူ့မျက်နှာကိုကြည့်ရင်း သူ့ရင်တွင်းကို ထိုးဖောက်မြင်ရသလိုသူတို့သူတို့ စစ်သားဟောင်းကြီးတွေ၏စိတ်ကို နားလည်နေမိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက်တွင် ဒေါက်တာခင်စန္ဒာဝင်းနှင့် တယ်လီဖုန်းပြောဖြစ်သည်။ မြေးလေး ကိုဇွဲအတွက် ဝမ်းသာကြောင်း ပြောခြင်းဖြစ်ပါသည်။ ကိုဇွဲအကြောင်းပြောပြီးသည်နှင့်စန္ဒာက အရေးတကြီး ပြောလာသည်။

"အန်ကယ့်ကို စန္ဒာပြောရဦးမယ်၊ ကိုးကန့်ဒေသက တိုက်ပွဲသတင်းတွေကြားရပြီး စိတ်မကောင်း ဖြစ်မိတယ်အန်ကယ်ရယ် "ကိုယ့်ရဲဘော်တွေ" ထိခိုက်ကျဆုံးတဲ့သတင်း ကြားရတာ တကယ်စိတ်မကောင်းဘူး၊ ဘယ်သောဘယ်အခါပဲဖြစ်ဖြစ် စစ်သားဆိုရင် စန္ဒာတို့ သွေးသားလို ခံစားရတဲ့စိတ်က အရိုးထဲစွဲနေတာမို့ နေပြည်တော်ကို စန္ဒာသတင်းပို့ထားတယ်"

"ထိခိုက်ကျဆုံးသူတွေကို စန္ဒာကူညီချင်တယ် ဆိုတဲ့အကြောင်း လှမ်းပြီးတင်ပြထားတယ်၊ reply တော့မရသေးပါဘူး" ဟု ပြောလာသည်။

နောက်တစ်နေ့ ၁၄ ရက်နေ့မနက် စန္ဒာဝင်းက ဖုန်းဆက်လာပြန်သည်။

"အန်ကယ့်ကို ပြောစရာရှိလို့ပါ။ နေပြည်တော်ကို စန္ဒာသတင်းပို့ထားတာ ချက်ချင်းအကြောင်းပြန်လာတယ်။ ဒီနေ့ နေ့လယ် ၁နာရီ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှာ အလှူငွေလက်ခံမယ်လို့ ပြောပါတယ်။ အခုသိသိချင်း ဖုန်းဆက်လိုက်တာပါ"ဟုဆိုသည်။

"ပြီးတော့ အန်ကယ်ရယ်၊ အန်ကယ်ကျော်ထင် (ဗိုလ်ချုပ်ကြီး) မိသားစုလည်း သတိရလို့ စန္ဒာဆက်လိုက်တယ်၊ သမီးငယ်က ဆယ့်ငါးသိန်းလှူချင်တယ်၊ သူကအဝေးရောက်နေလို့ ငွေစိုက်လှူထားပါလို့ ပြောတယ်အန်ကယ်ရယ်" ဟူသော အသံလေးက ကြည်နေသည်၊ ပီတိသံလေးပါနေသည်၊ ယမန်နေ့ကလို ဒေါသသံလေး ပျောက်သွားပြီ။

"နောက်တစ်ယောက်လည်း ရှိသေးတယ်၊ သူကလည်း လှူချင်တယ်၊ အဖေဆုံးသွားပြီ၊ စစ်သားသမီးဆိုတော့ သွေးကရှိတာပေ့ါ အန်ကယ်ရယ်၊ ငွေတစ်သိန်းလှူချင်တယ်၊ စိုက်ထားပေးပါ၊ လဆန်းကျ လခထုတ်ရင် ပြန်ဆပ်ပါ့မယ်လို့ ပြောတယ်" ဆိုသော စကားက ကျွန်တော့်ရင်ကို လှုပ်ခါသွားစေပါတော့သည်။

စန္ဒာက ငွေစိုက်ထားလိုက်၊ အန်ကယ်က သူ့ကိုခေါ်လာခဲ့မယ်ဟု ပြောပြီး လိပ်စာတောင်းရသည်၊ နံနက်ဆယ့်တစ်နာရီခွဲအချိန် ရန်ကင်းသို့ ဝင်ခေါ်သောအခါ ကွယ်လွန်သူ ဒုဗိုလ်မှူးကြီး ရဲဆွေ၏သမီး ဝင်းဝင်းဆွေ ဖြစ်နေသည်။

လက်ထဲမှာ အဆင်သင့်မရှိသော်လည်း လစာငွေကြိုတင်ထုတ်ပြီး စွန့်လွှတ်စွန့်စားသူတို့၊ တိုက်ပွဲဝင်နေသူတို့ကို လှူဒါန်းသော စေတနာတန်ဖိုးက ကြီးလှပါပေသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမသို့ ရောက်သောအခါ အလှူငွေနှင့် ပစ္စည်းပေးအပ်လှူဒါန်းပွဲအတွက် ပြင်ဆင်မှုများ နာရီပိုင်းအတွင်း လုပ်ကိုင်ကြရသော်လည်း ၁၂ နာရီမှာ အဆင်သင့်ဖြစ်နေပြီ။ အခမ်းအနားမစမီ ဗိုလ်မှူးကြီးတွေ၊ ဗိုလ်မှူးတွေ၊ စစ်သည်တွေ ပျားပန်းခပ်မျှ လှုပ်ရှားနေကြသလို တိုင်းမှူးကြီးတို့ ဇနီးမောင်နှံကလည်း အလှူရှင်တွေကို နှုတ်ဆက်နေသည်။ တက်ရောက်လာသူတွေထဲမှာတော့ ကျွန်တော်နှင့် မသက်ဆွေက အသက်အကြီးဆုံးဖြစ်ပါသည်။ ရာထူးအဆင့်ကို ပဓာနမထားဘဲ အသက်အရွယ်ကို လေးစားသမှုပြုကြသော တိုင်းမှူးကြီးနှင့် ဇနီးမှအစ စစ်သည်အားလုံး၊ စစ်သမီးတွေ၊ ရဲမေတွေအားလုံးကို ကျေးဇူးတွေတင်နေမိရပါသည်။

စုစုပေါင်းအလှူရှင် ၆၀ ဦးက ကျပ်သိန်းပေါင်း ၃၃၆၂သိန်းနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀ လှူကြသည်ကို တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လက်ခံသည်။ သိန်း ၁၀၀ မှ ၅၀၀ အတွင်း လှူသူ ၁၁ ဦးရှိသည်။ ကျောက်မဲဆရာတော် ဦးသုဇာတအပါအဝင် ငွေကျပ်တစ်သိန်း လှူဒါန်းသူ ၁၀ ဦးရှိသည်။ သိန်း ၁၅ သိန်းမှ ၅၅သိန်းအတွင်း လှူဒါန်းသူ ၁၄ ဦးရှိရာ ဒေါက်တာခင်စန္ဒာဝင်းမိသားစု၊ ဗိုလ်ချုပ်ကြီးကျော်ထင်မိသားစုနှင့် ဗိုလ်ချုပ်သန်းဦး ဇနီးဒေါ်မြင့်မြင့်သန်းတို့လည်း ပါသည်။

ကျွန်တော်တို့ကတော့ အရေးပေါ်လျှင်သုံးဖို့ ကျန်းမာရေးအတွက် အသင့်ထားသော ငွေလေးနှင့် သားဖြစ်သူ ကိုနိုင်ဦးဆွေ၊ မြေးဖြစ်သူ ကိုဆွေဟိန်းတို့ရှိသမျှ စုလိုက်ပြီး ငွေကျပ်ဆယ်သိန်း လှူလိုက်ပါသည်။ ကျပ်ဆယ်သိန်းဆိုတာ ကျွန်တော်တို့အဖို့ တနင့်တပိုးဖြစ်သော်လည်း အများနှင့်ယှဉ်တော့ ဘာမှမပြောလောက်ပါ။

သို့သော် လှူဒါန်းပွဲမှအပြန် ရင်မှာပိုက်လာရသော ရွှေရောင်ပေါင်ခတ်ထားသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်စာတန်းနှင့် တိုင်းတံဆိပ်ပါသော ဂုဏ်ပြုလွှာက တန်ဖိုးကြီးလှပါပေသည်။

ထိုညက ရုပ်မြင်သံကြားသတင်းများ စောင့်ကြည့်ခဲ့ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့တွင် ဦးဦးဖျားဖျားကျင်းပသော အလှူငွေပေးအပ်လက်ခံပွဲသတင်းများ ကြည့်လိုက်ရသည်။

လှူဒါန်းငွေနည်းနည်းသာ လှူနိုင်ခဲ့သော ကျွန်တော်စစ်သားဟောင်းကြီး ရင်ထဲမှာ လုပ်အားပေးလှူလိုသော စိတ်ဆန္ဒက ပြင်းပြလို့လာသည်။

ရှေ့တန်းသို့ သွားရောက်ကူညီလိုကြသည်ဟု လာပြောသော ဗိုလ်မှူးခင်မောင်မြင့်၊ ဗိုလ်မှူးနိုင်စောနန်း၊ ဗိုလ်မှူးသိမ်းဆွေတို့သာမက ၁၉၇၂ ခုမှ ၁၉၇၇ ခုနှစ်အထိ စစ်မြေပြင်တာဝန် ထမ်းဆောင်ခဲ့ကြသော ကျွန်တော့်ရဲဘော်တွေ အများအပြားလိုက်ပါကြလိမ့်မည်ဟု ယုံကြည်သည်။

သည်အကြံကို ဒေါက်တာခင်စန္ဒာဝင်းအား ပြောဖြစ်ပြန်သည်။

"သိပ်ကောင်းတဲ့ အကြံပဲအန်ကယ်၊ စန္ဒာနဲ့ အန်ကယ်က စိတ်သဘောချင်းတူကြတယ်၊ စန္ဒာကျန်းမာရေးကောင်းတယ်၊ စန္ဒာလည်းလိုက်မယ်၊ Medical Cover ပေးဖို့ ကူညီချင်တယ်" ဟု ချက်ချင်းတုံ့ပြန်လာပါတော့သည်။

ကျန်းမာရေးကောင်းလျက် အသက်အရွယ်အရ အငြိမ်းစားယူကြရတော့ စန္ဒဝင်းတို့လို ဆရာဝန်တွေ ဆရာမတွေက ဆေးကုသမှုတာဝန်နှင့် လုပ်အားပေးကြမည်။

ကျွန်တော်တို့က လူငယ်တွေလိုတော့ တောင်ပေါ်တက်ပြီး လုံ့စွပ်ထိုးတိုက်ပွဲ မဝင်နိုင်တော့ပါ။

သို့သော် ---

ကွမ်းလုံ- ဟိုပန် - ချင်းရွှေဟော် - လွယ်ပင်းရဲ-လွယ်မန်းခါး - ပညတ်ထန် - ဟိုက်ကမ်းပါးလိုနေရာမျိုးတွေမှာ စခန်းထိန်းတာဝန်တွေဝင်ယူမည်။

လူငယ်လူရွယ်စစ်သည်တွေက လက်ချင်းဆက်ကာ ရင်ပေါင်တန်းတပ်ဖြန့်၍ ချီတက်သွား လျှင် တောက်ရွှေ-လောက်ကိုင်- တာရွှေထန် - ကုန်းကြမ်း- လော်ကွာကျိုင်း - မော်ထိုက် စသည့် စသည့် စတုရန်းမိုင် (၂၀၀၀) သာရှိသော ကိုးကန့်ဒေသတစ်ခုလုံး တပ်မတော်သားများနှင့် ပြည့်သွားမည်။

မိတ်ဆွေအိမ်နီးချင်းနိုင်ငံမှလည်း မိတ်ဆွေကောင်းပီသစွာ နယ်စပ်ဖြတ်ကျော်အဝင်မခံဘဲ တားဆီးပေးထားပါလျှင် ဖုန်ကြားရှင်ဦးစီးသော ကိုးကန့်တိမ်းရှောင်အဖွဲ့တို့ပြေးစရာမြေမရှိနိုင်တော့မှာ သေချာသည်။

သံလွင်မြစ်ထဲခုန်ဆင်းကြမည်လား၊ ပြည်ပမှ ကူညီသူတို့လာခေါ်မည့် ရဟတ်ယာဉ်များနှင့် တိုင်းတစ်ပါးသို့ ထွက်ပြေးကြမည်လား။

ကိုးကန့်နယ်မြေနှင့် ကိုးကန့်တိုင်းရင်းသားတွေက ပြည်ထောင်စုထဲမှာ ဘေးကင်းစွာကျန်ရှိနေပါလိမ့်မည်။

ထို့ကြောင့် အရေးကြီးလျှင် သွေးစည်းသော မြန်မာစိတ်ဓာတ်နှင့် ကျွန်တော်တို့ကို စခန်းထိန်း တာဝန်တွေယူခွင့်ပြုပါ။ လုံခြုံရေး တာဝန်တွေယူခွင့်ပြုပါ။ ဆေးဝါးကုသမှုတွေ တာဝန်ယူခွင့်ပြုပါဟူ၍ အစိုးရထံသို့လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့လည်းကောင်း တင်ပြလိုက်ရပါသည်။

အသက်ကြီးသော်လည်း စိတ်ဓာတ်မပျက်စီးသေးသော ကျွန်တော်တို့ကို စိတ်ချယုံကြည်စွာ တာဝန်ပေးစေလိုပါသည်။

ကျွန်တော်တို့အားလုံး ရွတ်ဆိုခဲ့ကြသော သစ္စာလေးချက် မမေ့နိုင်ကြသေးပါခင်ဗျား။ ။

ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ရေး သီပေါ၌ အစုလိုက်ဆေးထိုးခြင်းလုပ်ငန်းဆောင်ရွက်

သီပေါ ဖေဖော်ဝါရီ ၂၀

ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ရေး အစုလိုက်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၉ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ပန်းတိမ်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ သီပေါမြို့နယ် ဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်နန်းရူပဟန် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုအခြေပြု ကလေးများကို ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဇန်နဝါရီလအတွင်းက အသက် ငါးနှစ်မှ ၁၅ နှစ် ကျောင်းအခြေပြု ကျောင်းသားကျောင်းသူများကို ထိုးနှံပေးခဲ့ပြီး ယခု ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ရပ်ကွက်အလိုက် ပြည်သူလူထုအခြေပြု ကလေးများကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ရဲတပ်ဖွဲ့မှူးနှင့် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေး

ရမည်းသင်း ဖေဖော်ဝါရီ ၂၀

ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဝင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ကိုကိုနှင့် မြို့မရဲစခန်းပိုင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ရမည်းသင်းမြို့မရဲစခန်းဓမ္မာရုံ၌ ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ထိ မှုခင်းများ ဖြစ်ပွားမှုအခြေအနေများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ လူကုန်ကူးမှုများမဖြစ်ပွားရေး၊ စည်းကမ်းလိုက်နာရေးများ၊ မှုခင်းများ ဖော်ထုတ်ရာတွင် မသင်္ကာသူများကို အမြန်ဆုံး သတင်းပေးပို့သွားရေးနှင့် လုံခြုံရေးအတွက် လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် ဆောင်ရွက်လုပ်ကိုင်နေမှုများဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ အောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ညွန့်ရွေ

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

ပြည်တွင်းသတင်း

အခမဲ့ပရဟိတကုသိုလ်ဖြစ် ကျန်းမာရေးဆောင်ရွက်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ စူဆာဝပ်ဆေးရုံမှ နှလုံးအထူးကုဆရာဝန်ကြီးနှင့် အထွေထွေအထူးကုသမားတော်ကြီး ဦးဆောင်၍ မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက်လိပ်ပြာကန်ကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဝေဒနာရှင် ၈၀၀ ကျော်အား ကျန်းမာရေးအခမဲ့ကုသိုလ်အဖြစ် ဆောင်ရွက်ပေးရာ ဆရာတော် ဦးနိမလနှင့်တပည့် ဒါယကာ ဒါယိကာမများက ကူညီဆောင်ရွက်ပေးခဲ့သည်။

၎င်းဆရာဝန်ကြီးများနှင့် အဖွဲ့သည် မြန်မာနိုင်ငံသို့ လစဉ်လာရောက်၍ စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးရာ လာရောက်ပြသသူ ဝေဒနာရှင်ဦးတင်ရွှေက "ဆရာဝန်ကြီးများက စိတ်ရှည်ရှည်ဖြင့် ကုသဆောင်ရွက်ပေးပါတယ်။ ကျွန်တော်ဆိုရင် ရောဂါနှစ်မျိုး၊ သုံးမျိုးအထိ စမ်းသပ်ကြည့်ပါတယ်။ အခုလို ဆရာဝန်ကြီးတွေ မြန်မာနိုင်ငံမှာ လာရောက်ပြီး အခမဲ့ကုသပေးတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ နောက်နောင်လည်း အမြဲလာရောက်ကုသပေးဖို့ မေတ္တာရပ်ခံပါတယ်။ အထူးသဖြင့် ယခုလို အခမဲ့ကုသနိုင်အောင် ဆောင်ရွက်ပေးတဲ့ ဆရာတော် ဦးနိမလအား ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**

နွားများ ပေါင်ပုပ်လက်ပုပ်ရောဂါ ဆေးကုသမှုစရိတ်ကုန်ကျမှုများပြား

ညောင်ဦး ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်တောရွာများဖြစ်သော ညောင်ပင်ကန်ရွာ၊ ချောက်ကန်ရွာ၊ လက်ပံတဲရွာ၊ ရွာသာအေးရွာ၊ရေတွင်းညောင်ပင်ရွာ၊ ယမ်းဇမ်းရွာတို့တွင် ဇန်နဝါရီ ၁ ရက်မှစ၍ နွားရောဂါဖြစ်ပွားပြီး သေဆုံးမှုများပြားခဲ့သည်။

သေဆုံးသွားသော နွားများမှာ ပေါင်ပုပ်လက်ပုပ်နှင့် ဒေါင့်သန်းရောဂါများယှဉ်တွဲ၍ သေဆုံးခဲ့သည်ဟု နွားဆေးကုတာဝန်ရှိသူများထံမှ သိရသည်။ အချို့နွားများသည် ရောဂါဖြစ်ပွားပြီးဆေးကုသခံနေရစဉ် နွားတစ်ကောင်လျှင် ဆေးကုသကုန်ကျစရိတ်မှာ နှစ်သိန်းကျော်သုံးသိန်းအထိကုန်ကျနေကြောင်း နွားပိုင်ရှင်များထံမှ သိရသည်။

"ကျွန်တော်တို့ ညောင်ကြီးမှာတော့ ကျွန်တော့်နွားကစပြီး ပေါင်ပုပ် လက်ပုပ်ရောဂါဖြစ်တာပဲ။ ဆေးတွေ ကတစ်နေ့တစ်နေ့ မနည်းဘူးထိုးရတယ်။ တစ်ကြိမ်ထိုးရင် ဆေးအလုံး ၂၀၊ ၃၀ လောက်ထိုးရတယ်။ ရောဂါဖြစ်တဲ့ပေါင်တို့ လက်တို့ကိုလည်း ဓားနဲ့ ခွဲထုတ်ရတယ်။ ပေါင်ပုပ်လက်ပုပ်ပိုး သေပြီလို့တော့ ပြောတယ်။ ဒါပေမယ့် ခွဲထားတဲ့ ဒဏ်ရာက မပျောက်သေးပါဘူး။ ဒီနှစ် ကျွန်တော်တို့ ရောဂါဖြစ်တဲ့ ခိုင်းနွားကို ခိုင်းမရတော့ပါဘူး။ စိုက်ချိန်ပျိုးချိန်ဖြစ်သော မိုးဦးကျအထိ အောင်ခိုင်းမရလောက်ပါဘူး" ဟု ညောင်ကြီးကျေးရွာမှ ရောဂါဖြစ်သော နွားပိုင်ရှင် ဦးတင်မောင်မြင့်ထံမှ သိရသည်။

"ကျွန်တော့်နွား စဖြစ်တုန်းက ခြေထောက်ဒရွတ်တိုက်တယ်။ ရွာမှာ လာကုတဲ့ နွားကုဆရာတွေကိုပြတယ်။ ဆေးနေ့တိုင်းထိုးတယ်။ အသားပုပ်တဲ့နေရာကိုဓားနဲ့ခွဲတယ်။ ဓားခွဲတဲ့ ဒဏ်ရာကိုနေ့တိုင်းဆေးတင်ရတယ်။ ခိုင်းလို့လည်းတော်တော်နဲ့ ရမှာမဟုတ်ဘူး။ ဆေးကုသစရိတ် သုံးသိန်းကုန်သွားပြီ။ နောက်ထပ် ဘာတွေကုန်ဦးမယ်ဆိုတာမသိဘူး။ ဆေးကုသစရိတ် များလွန်းတော့လည်း မသက်သာဘူးပေါ့"ဟု ယမ်းဇမ်းရွာမှ နွားပိုင်ရှင် ဦးကျောက်ခဲထံမှ သိရသည်။ **ကျော်ရွှေ**

ဂျပန်နိုင်ငံမှ ကျန်းမာ-သက်ရှည် ကုန်စည်ပြပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဂျပန်နိုင်ငံမှ ကျန်းမာခြင်းကဏ္ဍရပ်ဆိုင်ရာ လုပ်ငန်းများပါဝင်ပြသမည့် "Japan Healthful Lifestyle Exhibition" ဂျပန်နိုင်ငံသက်ရှည်ကျန်းမာခြင်းဆိုင်ရာ ကုန်စည်ပြပွဲကို မတ် ၂၁ ရက်မှ ၂၃ ရက်နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းပေါ်ရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြသသွားမည်

အဆိုပါပြပွဲတွင် ဂျပန်မှ အဖွဲ့အစည်းပေါင်း ၈၇ ခုမှ ထုတ်ကုန်များကို ပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် အားကစားပစ္စည်းများ ကျန်းမာရေးနှင့် ဆိုင်သောဝန်ဆောင်မှုများ၊ ဆေးဆိုင်များ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ၊ အလှအပဆိုင်ရာပစ္စည်းများ ဆေးရုံဆေးခန်းများနှင့် ဆိုင်သောပစ္စည်းများ၊ ကျန်းမာရေးကုထုံးများ၊ ကျန်းမာရေးစီမံခန့်ခွဲမှုများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းဦးနဒီ

နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ နှစ်စဉ်ဖွင့်လှစ်လျက်ရှိသည့် ၂၀၁၅ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများကို နွေရာသီကျောင်းပိတ်ရက်များတွင် အခြေခံနှင့်အဆင့်မြင့်သင်တန်းများကို နေပြည်တော်၊ ရန်ကုန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ နေပြည်တော်၌ ဖွင့်ပွဲကို မတ် ၃၀ ရက်တွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ သိုင်း၊ ဝူရှူးနှင့် ပြေးခုန်ပစ်အားကစားနည်း ရှစ်မျိုးဖြင့် လည်းကောင်း၊ ရန်ကုန်မြို့တွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ဧပြီ ၁၀ ရက်အထိ အားကစားနည်း ၃၄ နည်းဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နွေရာသီအားကစားသင်တန်းများသို့ တက်ရောက်သင်ကြားလိုကြသည့် လူငယ်၊ မောင်မယ်များ၊ ကျောင်းသားကျောင်းသူများ၊ အားကစားဝါသနာရှင်များသည် သင်တန်းဝင်ခွင့်ပုံစံများအား မိမိတို့သင်ကြားလိုသည့် အားကစားနည်းအလိုက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ရုံးများတွင် ဆက်သွယ်နိုင်ကြောင်းနှင့် အသေးစိတ်စုံစမ်းလိုပါက အားကစားနှင့် ကာယပညာဦးစီးဌာန၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ(ရန်ကုန်) ဖုန်း ၀၁-၄၀၀၄၃၁၊ ၀၁-၄၀၀၈၉၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

ဆိုလာမီးလင်းရေးဆောင်ရွက်

ရွှေတောင် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် Myanmar Electronics Store မှ တာဝန်ယူဆောင်ရွက်ခဲ့သည့်ရွှေတောင်မြို့နယ် ပဒေသာကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဖေဖော်ဝါရီ ၁၇ ရက်က ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားနှင့် အထောက်အကူပြုပစ္စည်းများ ၁၈၅ စုံကို ပေးအပ်ခဲ့သည်။ **ရဲထွဋ်**

အရည်အသွေးအာမခံချက်မရှိသော သောက်ရေသန့်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

အောက်ဖော်ပြပါ သောက်ရေသန့်များမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရည်အသွေးစိစစ်ထောက်ခံထားသည့် သောက်ရေသန့်များမဟုတ်ပါ၍ အရည်အသွေးအာမခံချက်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	လုပ်ငန်းအမည်	လိပ်စာ
၁	Zhulian သောက်ရေသန့်	ဗိုလ်ချုပ်လမ်း၊ အောင်ဆန်းရပ်ကွက်၊ ကျုံပျော်မြို့၊ဧရာဝတီတိုင်းဒေသကြီး။
၂	Zhulian သောက်ရေသန့်	ယုဇနလမ်း၊ တောင်ပိုင်းရပ်ကွက်၊ ငပုတောမြို့၊ ဧရာတီတိုင်းဒေသကြီး။
၃	Zhulian သောက်ရေသန့်	စကားမြားကျေးရွာ၊ မြောင်းမြမြို့၊ ဧရာတီတိုင်းဒေသကြီး။
၄	Zhulian သောက်ရေသန့်	ရေကြည်၊ အသုတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅	Zhulian သောက်ရေသန့်	ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၆	Zhulian သောက်ရေသန့်	(ခ)ရက်ကွက်၊ မာဃလမ်း၊ လောင်းလုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၇	Zhulian သောက်ရေသန့်	ရေဖြူရွာ၊ လောင်းလုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၈	Zhulian သောက်ရေသန့်	ညင်းမော်ရွာ၊ လောင်းလုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၉	Zhulian သောက်ရေသန့်	ဟင်းချိုတောရွာ၊ လောင်းလုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၁၀	Zhulian သောက်ရေသန့်	သပြေရှောင်ရွာ၊ လောင်းလုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၁၁	Zhulian သောက်ရေသန့်	ရဘဲရွာ၊ လောင်းလုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၁၂	Zhulian သောက်ရေသန့်	အေးချမ်းသာရပ်၊ ဘုတ်ပြင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၁၃	Zhulian သောက်ရေသန့်	မြို့မရပ်ကွက်၊ သရက်ချောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၁၄	အနှိုင်းမဲ့သောက်ရေသန့်	အမှတ်(၂) ရပ်ကွက်၊ ရွှေဝါ(၁)လမ်း၊ ပုလောမြို့၊တနင်္သာရီတိုင်းဒေသကြီး။
၁၅	အနှိုင်းမဲ့သောက်ရေသန့်	သီဟလမ်း၊ အလယ်ပိုင်း၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၁၆	BEYOND WATER သောက်ရေသန့်	အကျော်သာလမ်းမကြီး၊ (၂)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၁၇	Apolo သောက်ရေသန့်	(၁၅)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။
၁၈	ရပ်မိရပ်ဖသောက်ရေသန့်	အောင်မေတ္တာလမ်း၊ ၄ /တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၉	Seven Eleven သောက်ရေသန့်	အမှတ်(၁၅၃)၊ရန်ပြေလမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၀	OMIZU သောက်ရေသန့်	ပိတောက်မြိုင်ရိပ်သာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၁	Star Sky Blue သောက်ရေသန့်	ဘုန်းတော်တိုးရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၂၂	လွင်မင်းခန့်သောက်ရေသန့်	အမှတ်-ညည-၂၁/၄၁၊ (၅၈)လမ်း၊ သင်ပန်းကုန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၂၃	အောင်သောက်ရေသန့်	အမှတ်-ညည-၂၃၊ သင်ပန်းကုန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၂၄	So Pyay သောက်ရေသန့်	အကျီတန်းရပ်၊ ဆင်စွယ်ပွတ်ရပ်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။
၂၅	BA သောက်ရေသန့်	အမှတ်(၅) ၊ ရန်နိုင်စိုးရပ်၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၂၆	ရွှေယမင်းသောက်ရေသန့်	စဉ့်ကူးမြို့၊ ရပ်ကွက်(၁)၊ စဉ်းကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၂၇	ရွှေမြို့တော်သောက်ရေသန့်	စဉ့်ကူးမြို့နယ်၊ ရပ်ကွက်(၂)၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၂၈	ရေကမ္ဘာသောက်ရေသန့်	အမှတ်(၄၂၅)၊ ကန်းနားလမ်း၊ တောင်မင်းတဲ၊ သရက်မြို့၊ မန္တလေးတိုင်းဒေသကြီး။
၂၉	ပင်းသောက်ရေသန့်	ရေနံချောင်းစက်မှုဇုန်၊ ရေနံချောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။
၃၀	ရေတံခွန်သောက်ရေသန့်	အမှတ်(၄)၊ စက်ကွင်းရပ်၊ ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၊ ပဲခူးတိုင်းဒေသကြီး။
၃၁	Zeal သောက်ရေသန့်	စက်ရုံလမ်း၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၃၂	မင်္ဂလာ သောက်ရေသန့်	အမှတ်(၂၉၃)၊ ရန်ကုန်-မန္တလေးလမ်း၊ (၁) ရပ်ကွက်၊ ပဲခူးတိုင်းဒေသကြီး။
၃၃	အောင်မင်္ဂလာသောက်ရေသန့်	စည်ပင်သာယာဈေးအနီး၊ (၁)လမ်း၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး။
၃၄	ကောင်းသန့် သောက်ရေသန့်	ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃၅	Soe သောက်ရေသန့်	(၃)ရပ်ကွက်၊ အထောင်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃၆	ကုမုဒြာ သောက်ရေသန့်	မထူး(၃)လမ်း၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃၇	အေးကမ္ဘာသောက်ရေသန့်	ပဒုမ္မာလမ်း၊ ဒေးဒရဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

(ဆက်လက်ဖော်ပြပါမည်)

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

လားရှိုး ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၆) စက်မှုလယ်ယာစခန်း၊ လားရှိုးမြို့မှ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းများဖွင့်လှစ်ပေးလျက်ရှိရာ အဆိုပါသင်တန်းဖွင့်ပွဲကို သိန်းနီမြို့နယ် မိုင်းပါးကျေးရွာ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ တောင်သူသင်တန်းသားများကို ထွန်စက်ကြီး၊ လက်တွန်းထွန်စက် မောင်းနှင်ထိန်းသိမ်းနည်းထယ်၊ ထွန်ချိန်တွယ်နည်းများ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

လောက်ကိုင်ဒေသစစ်ဘေးရှောင်မိသားစုများကို ပြည်သူများက ထမင်းထုပ်များလှူဒါန်း

သီပေါ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့အနီးဝန်းကျင်ရှိ ကြံစိုက်ခင်းများမှ စစ်ဘေးရှောင်အလုပ်သမားများ မိမိ၏နေရပ် အသီးသီးသို့ပြန်ရန် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲက သီပေါမြို့သို့ ရောက်ရှိလာရာ မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းရှိ စံဖိတ်ကျေးရွာဘောလုံးကွင်းမှ တိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော် ဦးဆောင်သော မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူးဦးစိုင်းချစ်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မီးသတ်၊ ကြက်ခြေနီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်မိဘပြည်သူများက ထမင်းထုပ်များ၊ ရေသန့်ဘူး၊ အဝတ်အထည်၊ လိမ္မော်သီးနှင့် စားစရာများကို တစ်ဦးချင်း ပေးအပ်လှူဒါန်းကြသည်။

ယနေ့ သီပေါမြို့သို့ရောက်ရှိလာသော လောက်ကိုင်စစ်ဘေးရှောင်မိသားစုများမှာ ၅၃၀ ဖြစ်ပြီး ထမင်းထုပ် ၁၅၃၅ ထုပ်နှင့် သောက်ရေသန့် ၂၅၀၀၊ ညောင်ပင်ကွင်းရပ်နေ ဦးရန်တင်ချမ်းမိသားစုက အလှူငွေကျပ် ငါးသိန်းငါးထောင်နှင့် အလှူရှင်များက ငွေကျပ်ငါးသောင်းခွဲတို့ဖြစ်သည်။ စစ်ဘေးရှောင်မိသားစုကျန်းမာရေးအတွက် သီပေါဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်နန်းရှုပဟန် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးကုသပေးကြသည်။

အဆိုပါ စစ်ဘေးရှောင်မိသားစုများသည် ဖေဖော်ဝါရီ ၁၈ ရက် နှင့် ၁၉ ရက်တို့တွင်လည်း မိမိတို့နေရပ်များသို့ ပြန်ကြမည်ဖြစ်ရာ သီပေါမြို့မှ စေတနာရှင်၊ အလှူရှင်များအနေဖြင့် နွေးထွေးစွာကြိုဆိုမည့်အပြင် ထမင်းဟင်းလျာနှင့် စားသောက်ဖွယ်ရာများကိုပါ ဆက်လက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

မြန်မာသံရုံးကူညီပေးမှုကြောင့် ထိုင်းမှစွပ်စွဲခံရ မြန်မာနှစ်ဦး ထောင်မှလွတ်

ဗန်ကောက် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၌ လူသတ်မှုဖြင့် စွပ်စွဲခံထားကြရသော ခေါင်ပိန်း အကျဉ်းထောင်အတွင်း ကိုးလကြာနေထိုင်ခဲ့ရသည့် မြန်မာအလုပ်သမားနှစ်ဦးမှာ မြန်မာသံရုံး အလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီ၏ကူညီမှုဖြင့် ပြန်လည်လွတ်မြောက်လာခဲ့ပြီဖြစ်ကြောင်း ထိုင်း နိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောချက်အရ သိရသည်။

၂၀၁၄ ခုနှစ် မတ် ၁၇ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ တစ်ဖလန်းဆန်(ခ) စာထုပတိ ၅၇ လမ်းရှိ မြန်မာအလုပ်သမားတစ်ဦး အသတ်ခံရမှုနှင့်စပ်လျဉ်း၍ အသက် (၂၈ နှစ်) အရွယ် ကိုထိုက်ထိုက်အောင်နှင့် အသက် (၂၅နှစ်) ကိုဇော်လင်းဆိုသူတို့ကို ဖလန်းဆန် ဘန်ဖလုန်းနယ်မြေရဲစခန်းမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ မြန်မာအလုပ်သမား ကိုထိုက်ထိုက်အောင်၏ ဇနီးမလင်းလင်းထက်မြတ်ကလည်း ခင်ပွန်းဖြစ်သူကို လူသတ်မှုဖြင့် စွပ်စွဲထားသည်မှာ ကိုးလကြာမြင့်ခဲ့ပြီ ဖြစ်ကြောင်းနှင့် သေဆုံးအမှုတွဲနှင့် ပတ်သက်၍ ခင်ပွန်းဖြစ်သူမှာ သက်ဆိုင်မှုမရှိကြောင်း တရားရုံးတော်၌ ထွက်ဆိုခဲ့သော်လည်း အဆင်မပြေခဲ့သဖြင့် မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဦးထွန်းအေးထံသို့ အကူညီတောင်းခံလာခဲ့ခြင်းဖြစ်သည်။

ထို့နောက် မြန်မာသံအမတ်ကြီး ဦးဝင်းမောင် ဦးဆောင်ဖွဲ့စည်းထားသည့် မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေး ကော်မတီဝင် MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းအား မြန်မာသံရုံးမှ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားလာခဲ့သောကြောင့် MAT အဖွဲ့ဝင်များသည် လူသတ်မှုဖြစ်ပွားရာ အနီးပတ်ဝန်းကျင်နှင့် အခြားလိုအပ်သော အချက်အလက်များကို လေ့လာစုံစမ်းမှုများ အပူတပြင်း ဆောင်ရွက်ခဲ့ကြကာ ထိုင်းတောင်ပိုင်းအခြေစိုက် FED မှ ရှေ့နေဖြင့်လိုအပ်ချက်များကို ထပ်မံပြင်ဆင်ဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာအလုပ်သမားနှစ်ဦးစလုံးမှာ ဖေဖော်ဝါရီ ၁၀ ရက်က လွတ်မြောက်ခဲ့ကြကြောင်း သိရသည်။

MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက“ မြန်မာသံရုံးက အစိုးရသစ်ပြောင်းလဲလာတဲ့ လက်ထက်မှာ အရင်ကာလတွေတုန်းကလို မဟုတ်တော့ဘူး။ လူထုတွေနဲ့ ထိတွေ့မှုတွေ ရှိလာတယ်။ ကျွန်တော်တို့လိုလွတ်လပ်တဲ့လူတွေနဲ့ ပူးပေါင်းဆောင်ရွက်လာတယ်။ ဒီအကျိုးဆက်တွေက အောင်မြင်မှု ရလဒ်ကောင်းတွေလို့ ဆိုနိုင်ပါတယ်။ ဒီမြန်မာနိုင်ငံက ထိုင်းနိုင်ငံကို ဝင်ရောက် အလုပ်လုပ်ကိုင်ကြတဲ့ အခက်အခဲဖြစ်ကြတဲ့ မြန်မာအလုပ်သမားနှစ်ဦးဟာ မြန်မာသံရုံးနဲ့ ကျွန်တော်တို့သာမကူညီလိုက်ရရင် လူသတ်မှုနဲ့သေဒဏ် ဒါမှမဟုတ် ထောင်ဒဏ်ကျခံရပါလိမ့်မယ်။ မြန်မာအစိုးရအနေနဲ့ သန်းချီရှိနေတဲ့ အလုပ်သမားတွေအတွက် အကူညီအပြည့်အဝ ဆောင်ရွက်နိုင်ဖို့က အလုပ်သမား ကူညီစောင့်ရှောက်ရေးအတွက် ရှေ့နေငှားရမ်းထားတာမျိုး၊ အလုပ်သမား ကူညီစောင့်ရှောက်မှုအတွက် ဆက်သွယ်ရေးစင်တာတို့ ရုံးတို့ ပြင်ဆင်ထားပေးနိုင်ရင် ပိုမိုကောင်းမွန်ပါလိမ့်မယ်” ဟုပြောသည်။

စိုးဝင်း (SP)

ပြည်တွင်းသတင်း

ရွှေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲနှင့် တောင်ငူခရိုင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရေတာရှည်မြို့နယ် ဖေဖော်ဝါရီ ဒုတိယပတ်က ဦးစီးဌာနရုံးခန်းမနှင့် တောင်ငူမြို့ ခပေါင်းခန်းမတို့၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်စိုးက မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်မှုရှိစေရန် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးဇော်လင်းမောင် (တိုင်းဒေသကြီး ဥပဒေအရာရှိ) က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မောင်ရွှေဝင်း(ပြည်)

အသက်(၁၁၂)နှစ်အရွယ်ရှိ အဘွားဒေါ်သောင်း

အင်းတော် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် (တိုးချဲ့ကုန်း)တွင် အသက် (၁၁၂) နှစ်ကျော်ခဲ့ပြီဖြစ်သည့် အဘွားဒေါ်သောင်းတွင် သားတစ်ဦး၊ သမီးကိုးဦး၊ မြေး ၂၇ ဦး၊ မြစ် ၁၆ ဦးရှိပြီး မြေးအကြီးဆုံးမှာ အသက် ၅၀၊ မြစ်အကြီးဆုံး၁၆နှစ်ရှိသည်ဟု သိရသည်။

အဘွားဒေါ်သောင်းကို အဖ ဦးသာဒွန်းအောင်၊ အမိဒေါ်အုန်းမြင့်တို့မှ ၁၂၆၄ ခုနှစ် နတ်တော်လဆန်း ၃ ရက်တွင် အင်းတော်မြို့နယ် နတ်မဟုတ်ကလေးရွာ၌ မွေးဖွားခဲ့သည်။ မွေးချင်းသားသမီး သုံးဦးမှ အဘွား ဒေါ်သောင်းတစ်ဦးသာ ကျန်ရှိတော့သည်။ အသက် ၂၀ နှစ်တွင် အင်းတော်မြို့နယ် မော်လူးညောင်ပင်သာရွာမှ ဦးရှိန်နှင့် လက်ထပ်ခဲ့ပြီး သားသမီး ၁၀ ဦး ရရှိခဲ့သည်။

အဘွားမှာ မျက်စိကောင်း၍ နားအတန်ငယ်လေးပြီး မှတ်ဉာဏ်ကောင်းသည်။ မင်္ဂလာဆောင်စဉ်က ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည်တိုက်ခဲ့ကြောင်း၊ နံနက်စာသာစားပြီး ညစာမစားသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း ပြောပြသည်။

အဘွား၏ နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ်မှာ ၅/အတန(နိုင်)၀၀၂၇၁၉ ဖြစ်ပြီး အရပ်အမြင့် လေးပေ ခြောက်လက်မ ဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၂၆၄ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်ဖြစ်သည်။ အသက် ၁၁၂ နှစ်အရွယ် အဘွားဒေါ်သောင်းမှာ ယခုအခါ သမီးဖြစ်သူ မသိန်းကြည်၊ မအေးကြည်တို့နှင့် နေထိုင်လျက်ရှိကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

အခွန်ဆောင်လို့ ဘဏ္ဍာတိုး
တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

ရွှေပြည်ဟိန်းမိုးကောင်းတံတားနှင့်ကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

အမျိုးသားအားကစားပွဲတော် ခြင်းလုံးပြိုင်ပွဲမြင်ကွင်း။

အမျိုးသားအားကစားပွဲတော်တွင် ကိုးနှစ်အရွယ် ခြင်းလုံးကစားသမား မှတ်တမ်းတင်ခံရ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ ကျင်းပလျက်ရှိသော အမျိုးသားအားကစားပွဲတော် မြန်မာ့ရိုးရာခြင်းခတ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံး အားကစားသမားများပါဝင်သည့် နေပြည်တော်ကိုယ်စားပြု ပျဉ်းမနားမြို့ ဆွေသဟာမျိုးဆက်သစ်ခြင်းလုံးအဖွဲ့မှ ပွဲစဉ်တစ်လျှောက် ဒုတိယဆု ဆွတ်ခူးခဲ့ပြီး ထိုအဖွဲ့မှ အသက်ကိုးနှစ်အရွယ် စတုတ္ထတန်းကျောင်းသား မောင်ညီညီအောင်မှာ ဂုဏ်ပြုမှတ်တမ်းတင်ခံရသည့် အငယ်ဆုံးခြင်းလုံးအားကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

ခြင်းလုံးအားကစားနည်းတွင် အမျိုးသမီးသုံးဦး၊ အမျိုးသားသုံးဦး ပါဝင်ယှဉ်ပြိုင်ရသည့် Mix ပြိုင်ပွဲများ၌ အမှတ်ပေါင်း ၁၆၇ မှတ်ဖြင့် ပထမ၊ အမျိုးသမီး Event-1 တွင် ရမှတ်ပေါင်း ၁၇၈ ၊ အမျိုးသမီး Event-2 ပြိုင်ပွဲတွင် ရမှတ်ပေါင်း ၁၄၈ မှတ်ဖြင့် ဒုတိယဆုကို အသက်အငယ်ဆုံး မျိုးဆက်သစ်ခြင်းလုံးခတ်အားကစားသမားများက ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း ခြင်းလုံးအဖွဲ့ခေါင်းဆောင် ဆီးဂိမ်းနည်းပြဒေါ်ဆွေဆွေမာက ပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်ခဲ့သော ဆွေသဟာမျိုးဆက်သစ်ခြင်းလုံးခတ်အားကစားသမားများထဲတွင် အသက် ၉ နှစ်အရွယ် စတုတ္ထတန်းမှ သတ္တမတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူလေးများ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ် အမျိုးသားအားကစားပွဲတော်ကြီးတွင် Event အမျိုးသားခြင်းလုံးခတ်ပြိုင်ပွဲ၌ အသက် ၉ နှစ်အရွယ် စတုတ္ထတန်းကျောင်းသား မောင်ညီညီသည် အသက်အငယ်ဆုံး ခြင်းလုံးအားကစားသမားအဖြစ် မှတ်တမ်းတင်ခြင်းခံရကြောင်း သိရသည်။

ကိုကြီးကျော်

ဆားလင်းကြီးမြို့နယ်အတွင်း ကျန်းမာရေးအသိပညာပေး

ဆားလင်းကြီး ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ဆားလင်းကြီးမြို့ အမှတ်(၂)ရပ်ကွက် ရွှေမုဋ္ဌောကျောင်းတိုက် ဓမ္မာရုံအတွင်း၌ ကျင်းပသည်။

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညိုက အသိပညာပေးဟောပြောရာတွင် နိုင်ငံတစ်ဝန်း၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အသက် ၅ နှစ်မှ ၁၅ နှစ်အတွင်း ကလေးများကို ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ပထမအကြိမ်ထိုးနှံပေးခဲ့ပြီး အသက် ၉ လမှ ၅ နှစ်အတွင်း ကလေးငယ်များကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပထမအကြိမ်ဆေးထိုးရန်ကျန်ရှိနေသော ကလေးငယ်များကိုလည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဆက်လက်၍ တက်ရောက်လာကြသောရပ်ကွက်သူ ရပ်ကွက်သားများအား HIV/AIDS၊ အနာကြီး၊ တီဘီရောဂါနှင့် ဝက်သက်၊ ဂျိုက်သိုးရောဂါများနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

ဝိုင်ယာကြိုးမှတစ်ဆင့် ရှော့ခ်ဖြစ်ကာ ကသာ၌မီးလောင်

ကသာ ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ ရပ်ကွက်(၅) နှစ်ခြင်းခရစ်ယာန်ကျောင်းအနီးတွင် ဖေဖော်ဝါရီ ၁၈ ရက်ည ၇ နာရီခန့်က ဝိုင်ယာကြိုးရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကသာမြို့ ရပ်ကွက်(၅) ရွာမအနောက်ပိုင်းနေ ဦးသိန်းဝင်း၏နေအိမ်မှ လမ်းသို့မီးပေးထားသော နှစ်ပင်လိမ်ဝိုင်ယာကြိုးမှ အပူလွန်ကဲကာ ဝိုင်ယာရှော့ခ်ဖြစ်ပြီး ကြိုးနှင့်ထိစပ်နေသော နေအိမ်သက်ငယ်မိုးကို မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကာ သက်ငယ်မိုးအနည်းငယ်လောင်ကျွမ်းဆုံးရှုံးပြီး မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင်ဦးသိန်းဝင်း(၄၆ နှစ်)ကို ကသာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ပေါ့ဆမှု၊ ဝိုင်ယာရှော့ခ်မှတစ်ဆင့် လောင်ကျွမ်းခြင်းများကြောင့် မီးလောင်ခြင်းများ မကြာခဏဖြစ်ပွားခဲ့သည်ကို မြင်တွေ့ရသည်။

ဦးရဲ(ကသာ)

သန့်မြင့်(စီးပွားရေး)၏ စီးပွားရေးဘာသာရပ်ဆိုင်ရာဟောပြောပွဲ
အောင်မြင်ရေးစိတ်ပညာနှင့် ဆင့်ပွားကွန်ရက်ရောင်းဝယ်ရေးလုပ်ငန်း
Psychology of Success and MLM (Network) Trading
ကြိုတင်လက်မှတ်ဝယ်ယူရန်
095155434, 0973006185
0949280958, 09421092247
နေရာ ။ CENTRAL HOTEL

FAME
Uritec®
For urinary tract infection
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Urocrush®
For renal stones
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ် (၈၀၃/က)၊ မြေကွက်တည်နေရာအမှတ် (၈၀၃/က)၊ အောင်သစ္စာ ၅လမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သန်းတင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းတင် (မိခင်) နှင့် ဦးမောင်လှ(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်စန်းစန်းမော် ၁၂/သကတ(နိုင်)၀၂၂၄၂၄ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၇၅၇၈/၂၀၁၄) ရသူ ဦးအေးလှိုင် ၁၂/သကတ(နိုင်)၀၇၈၄၅၄က သေ စာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရေဦးမြို့မဈေးအတွင်း ဖောက်ထွင်းမှုဖြစ်ပွားသဖြင့် ဒေသခံများစိုးရိမ်

ရေဦး ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးစည်ပင်သာယာမြို့မဈေးကြီးအတွင်းရှိ ရွှေဆိုင်လေးဆိုင် အပါအဝင် ဆိုင်ခန်း ခုနစ်ခန်းခန့် ဖောက်ထွင်းခံရကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၇ရက် ညပိုင်းက ရေဦးဈေးရှိ ရွှေဆိုင်နှစ်ခုမှ အထိုင်ဖုန်းနှစ်လုံး၊ အသေးသုံးငွေစက္ကူ ကျပ်နှစ်သောင်းခန့် ခိုးယူခံရပြီး အခြားဆိုင်များမှာမူ ပျောက်ဆုံးမှုမရှိကြောင်း ဈေးအကျိုးတော်ဆောင်တစ်ဦးက ပြောပြသည်။

ဖောက်ထွင်းထားသည်ကို မြင်တွေ့ရသော်လည်း တစ်စုံတစ်ရာ ပျောက်ဆုံးမှု မရှိကြောင်း ကျန်ဈေးဆိုင်ခန်းပိုင်ရှင်များက ပြောသည်။

အဆိုပါဈေးကြီးသည် လွန်ခဲ့သော ဆယ်စုနှစ်ကျော်က မီးဘေးအန္တရာယ်ကြုံခဲ့ရဖူးပြီး ဈေးပြင်ဆိုင်ခန်းအနည်းငယ်မှအပ ကျန်ဆိုင်ခန်းများ အားလုံးနီးပါး မီးဘေးကျရောက်ခဲ့ကြသဖြင့် မီးဘေးနှင့် အခြားအန္တရာယ်များ မတော်တဆဖြစ်ပွားမည်ကို စိုးရိမ်နေကြကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

သန်းထိုက်(ရေဦး)

ရေသန့်ပေးဝေနိုင်ရန်အတွက် ရေဂါလန် ၁၀၀၀၀ ဆံ့ ရေစင်ကြီးတည်ဆောက်

မိတ္ထီလာ ဖေဖော်ဝါရီ ၂၀

မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေဖူလုံစေရေးနှင့် နွေရာသီရောက်ရှိလာသည့်အတွက် ရေလိုအပ်ချက်များကို ပြည့်မီစေရန် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ယခုဘဏ္ဍာရေးနှစ်တွင် တင်ဒါစနစ်ဖြင့် အောင်ဆန်းမြို့သစ်ရပ်ကွက် ရေပေးဝေရေးအတွက် ခွင့်ပြုရန်ပုံ ငွေကျပ် ၉၅ ဒသမ ၆၄ သန်းဖြင့် ရေစင်ကြီးတစ်စင်ကို တည်ဆောက်လျက်ရှိသည်။

တင်ဒါစနစ်ဖြင့် ခိုင်ခန့်ဖြူစင်ကုမ္ပဏီက ရရှိဆောင်ရွက်လျက်ရှိပြီး အောင်ဆန်းနယ်မြေ မြို့သစ် (၂)ရပ်ကွက် မြို့သစ်ဈေးအနီး ဒေါနလမ်းတွင် အမြင့်ပေ ၄၀ ရေဂါလန် ၁၀၀၀၀ ဆံ့ ရေစင်ကြီး တည်ဆောက်ခြင်းနှင့်အတူ ရပ်ကွက်အတွင်းရှိ ရေတိုင်ပေါင်း ၃၀၀ အတွက် ရေပေးဝေနိုင်ရန် ရေပိုက်များ သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း အောင်ဆန်းစည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးက ပြောသည်။

အဆိုပါ ရေစင်ကြီးကို အောင်ဆန်းစည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးနှင့် မြို့နယ်စည်ပင်သာရေးကော်မတီအဖွဲ့ဝင်များကကြီးကြပ်ပြီး ခိုင်ခန့်ဖြူစင်ကုမ္ပဏီက တာဝန်ယူ၍ စတင်ဆောင်ရွက်လျက်ရှိရာ ရေစင်ကြီး တည်ဆောက်ပြီးပါက အောင်ဆန်းရပ်ကွက်အတွင်း ရေအခက်အခဲမရှိဖြန့်ဝေနိုင်တော့မည်ဖြစ်ရာ ရပ်ကွက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ပြောကြားသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ ခန့်မှန်းကလေးဦးရေ ၉၆၅၅ ဦးကို ကာကွယ်ဆေးထိုးနှံခြင်းများလုပ်ဆောင်နေပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာနန်းကျော့ခိုင်နှင့် လူမှုရေးအဖွဲ့များ စုပေါင်း၍ ကာကွယ်ဆေးထိုးနှံပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်နယ်တွင်းဒေသများကလည်း စစ်ဘေးရှောင်ကြသူများအတွက် ကူညီထောက်ပံ့

လင်းခေး ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများက လောက်ကိုင်ဒေသ စစ်ဘေးရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့ငွေများကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး တာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် လင်းခေးမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၏စုပေါင်းလှူဒါန်းငွေကျပ် ၁၂၇၀၀၀၀၊ မြို့ပေါ်(၈)ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှစ် အုပ်စု၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၂၃၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၅ သိန်းကို အဆိုပါရုံးသို့ လာရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က လက်ခံရယူခဲ့ပြီး ၎င်းက အလှူရှင်များအား လောက်ကိုင်ဒေသ စစ်ဘေးရှောင်ပြည်သူများ၏ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အလှူငွေများအား တာဝန်ရှိသူများထံ အဆင့်ဆင့်လွှဲပြောင်းလှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်းဇော်လတ်

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဆ/၆၉၇၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/ 2927၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ အပိုင်း ၁၊ ၂၊ ၃၊ ၄ (သီရိဂုဏ်အိမ်ရာ)၊ မြေကွက်အမှတ်(၅/၆၄)၊ ဧရိယာ ၀ဒသမ၁၀၄ဧက၊ နှစ်၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးအောင်မြင့် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား အပိုင်ပေးကမ်းခြင်း စာချုပ်(၁၃၉၂/၂၀၀၄)တင်ပြ၍ ဦးအောင်အောင်(ခ)အောင်သော် ၁၂/ရကန(နိုင်)၀၁၆၄၀၅အမည်သို့ ပြောင်းလဲခွင့်ပြုပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

အမည်ပြောင်းလဲခေါ်ဆိုရန်

ပျောက်ဆုံးကြောင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန့်ဇင် ၁၂/စခန(နိုင်)၀၅၈၃၂၉၏ ပုံစံ(ဃ) ပြေစာအမှတ် ၁၀၂၀၈၃၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၀၄၃၉၇**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် ၇၉၀၊ မြေကွက်တည်နေရာအမှတ် ၇၉၀၊ (၁)ရပ်ကွက်၊ ဒဂုံမြို့နယ် (ဦးလှမြင့်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှမြင့်ကွယ်လွန်သဖြင့် ဒေါ်နန်းသန်းရင် ၁၄/ကပန(နိုင်)၁၇၄၉၆၁က တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အများသိစေရန် ကြေညာခြင်း

အများသိစေရန် ကြေညာခြင်း

ဖေ့စ်ဘွတ်ခ်မှာအမုန်းမပွားဖို့ ငြိမ်းချမ်းရေးစတေကာများ မျှဝေသုံးစွဲကြစို့ . . .

သူရဖြိုး

တစ်ဦးနဲ့တစ်ဦး အမုန်းစကားတွေကြောင့် ဖေ့စ်ဘွတ်ခ်သုံးစွဲရတာ ယခင်ကလောက် မငြိမ်းချမ်းတော့ပါဘူး။ အပြင်ကမ္ဘာက စစ်ပွဲတွေ၊ ခံစားချက်တွေနဲ့ ပူလောင်မှုတွေဟာ ဆိုရှယ်ကမ္ဘာထဲမှာလည်း ကူးစက်လောင်ကျွမ်းနေကြပါတယ်။ အဲဒီလို Hate speech ရေးသားပြောဆိုမှု လျှော့ချဖို့အတွက် ပန်းစကားအဖွဲ့ကနေ ထင်မြင်ချက်စတေကာလေးတွေကို စတင်ထုတ်ဝေလိုက်ပါတယ်။

"စိတ်လျှော့သယ်ရင်း"၊ "မရှယ်ခင်စဉ်းစား"၊ "ဒါမျိုးကျူပ်ယုံပေါင်"၊ "အမုန်းမပွားရဘူးနော်" စသည်ဖြင့် မြန်မာကာတွန်းရုပ်များနှင့် ရေးသားထားသော ချစ်စရာ စတေကာလေးများသည် မြန်မာလူမျိုးများအတွက် သီးသန့်ဖြစ်သော ဖေ့စ်ဘွတ်ခ် စတေကာများလည်းဖြစ်ပြီး ၂၄ မျိုးထက် ထပ်မံတိုးချဲ့ရန်လည်း ပန်းစကားအဖွဲ့က ဖေ့စ်ဘွတ်ခ်တာဝန်ရှိသူများနှင့် ညှိနှိုင်းနေပါတယ်ဟု ပန်းစကားအဖွဲ့ဝင် ကိုဖရက်ဒီက ပြောပါတယ်။

ဖေဖော်ဝါရီ ၁၈ ရက်က စတင်ဖြန့်ဝေထားပြီး ပန်းစကားရဲ့ ရည်ရွယ်ချက်ကတော့ အခမဲ့သုံးစွဲနိုင်တဲ့ မြန်မာလူမျိုးတွေရဲ့ သီးသန့်စတေကာ ဖြစ်ပေါ်လာဖို့ပါ။ Joosk Illustration က ရေးဆွဲပေးထားပြီး နည်းပညာပိုင်းဆိုင်ရာများကို MIDO အဖွဲ့က တာဝန်ယူပေးထားပါတယ်။ ဖေ့စ်ဘွတ်ခ်မှာ ထည့်သွင်း

နိုင်ဖို့အတွက် လွန်ခဲ့တဲ့ ခြောက်လခန့်ကတည်းက စတင်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖေ့စ်ဘွတ်ခ်ရဲ့ စည်းကမ်းချက်တွေကို သဘောတူညီချက်ရပြီးမှ ဖြန့်ဝေခြင်းဖြစ်ပါတယ်။

"ဖေ့စ်ဘွတ်ခ်မှာ ကွန်းမန့်တွေရေးတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် အမုန်းပွားစေတဲ့ စကားတွေရေးတာ အလွန်ပျံ့နှံ့နေတယ်။ ဒါတွေကို လျှော့ချဖို့အတွက် ဖေ့စ်ဘွတ်ခ်နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံသားတွေအတွက် အဓိကထားတဲ့ မြန်မာပုံ၊ မြန်မာစာလေးတွေနဲ့ စတေကာကို လုပ်ဖြစ်တာပါ"လို့ ပန်းစကားအဖွဲ့ဝင် ကိုဖရက်ဒီက ပြောပါတယ်။

ဖေ့စ်ဘွတ်ခ် နေရာသတ်မှတ်ချက်အရ မြန်မာနိုင်ငံတွင်သာ သုံးနိုင်သေးပြီး ဒေသတွင်းနဲ့ နိုင်ငံခြားရောက်မြန်မာတွေသုံးစွဲနိုင်ဖို့ ဆက်လက်ညှိနှိုင်းနေတယ်လို့ ကိုဖရက်ဒီကပြောပါတယ်။

ဖေ့စ်ဘွတ်ခ်အပါအဝင် အွန်လိုင်းမီဒီယာတွေမှာ အမုန်းပွားစေတဲ့ ရေးသားပြောဆိုနေမှုများကို လျှော့ချဖို့ ပန်းစကားအဖွဲ့က အွန်လိုင်း၊ အော့ဖ်လိုင်းတွေမှာ ပညာပေးအစီအစဉ်တွေ၊ ဖေ့စ်ဘွတ်ခ်မြန်မာဘာသာနဲ့ Community standard ဖြန့်ဝေဖို့ အော့ဖ်လိုင်းကနေ အမုန်းပွားစေတဲ့ ပြောဆိုမှုများလျှော့ချရေးအတွက် ပညာပေးဟောပြောပွဲတွေ ကျင်းပခြင်းနဲ့ စတေကာကမ်ပိန်းများလုပ်ပြီး စတေကာများ ဖြန့်ဝေတာတွေကိုလည်း လုပ်ဆောင်နေပါတယ်။

နေ့စဉ်ဘဝထဲကို ရောက်လာတော့မယ့် အီလက်ထရွန်နစ်ပစ္စည်းများ

သကြန်မတိုင်ခင် အသစ်ဝင်ရောက်လာဖို့အတွက် အီလက်ထရွန်နစ် ကုန်စည်သစ်များနဲ့ မိတ်ဆက်ပေးလိုပါတယ်။ နေ့စဉ်လူနေမှုဘဝမှာ စမတ်ကျကျနဲ့ အသုံးဝင်လာမယ့် ကုန်စည်တွေဖြစ်တာကြောင့် ကြိုတင်လေ့လာနိုင်ပါတယ်။

Alison
စုစည်းသည်

Samsung SUHD TV

(၈၈ လက်မ အရွယ်အစား)

ရုပ်ပုံအနေအထားကို ပုံမှန်ထက် သာလွန်အောင် မြင်တွေ့ရပြီး အသံအရည်အသွေးကိုလည်း အမြင့်ဆုံး solutions ရရှိနိုင်မှာဖြစ်တယ်လို့ မိတ်ဆက်ထားပါတယ်။ ပုံမှန် ယူအိပ်ချ်ဒီတီဗွီတွေထက် နှစ်ဆခွဲ အရောင်ချိန်ညှိနိုင်ကာ အရွယ်အစားပေါ်မူတည်ပြီး ပုံမှန်တီဗွီများထက် အရောင်အသွေး ၆၄ ဆခန့် သာလွန်ပါတယ်။ Tizen operation system အသုံးပြုထားလို့ smart TV content ကောင်းတစ်ခုပါ။ ၅၅ လက်မကနေ ၈၈ လက်မအထိ ထုတ်လုပ်ထားလို့ မကြာမီမြန်မာနိုင်ငံမှာ မိတ်ဆက်မယ်လို့ ဆမ်ဆောင်းမှ သိရပါတယ်။

Galaxy A7

ဆမ်ဆောင်းက ပါးလွှာသတ္တုကိုယ်ထည်နဲ့ သက်ဝင်လှုပ်ရှားနေတဲ့ ပုံရိပ်တွေကို အကဲဖြတ်နိုင်မယ့် ဂလက်ဆီစမတ်ဖုန်းသစ်ကို ရွေးချယ်တင်ပြလိုက်ပါတယ်။ ဂလက်ဆီစီးရီးများထဲက နောက်ဆုံးစီးရီးတစ်ခုဖြစ်ပြီး အရွယ်မျိုးစုံ၊ အရောင်မျိုးစုံရှိတာကို တွေ့ရပါတယ်။ ဒီဂျစ်တယ်ဘဝကို မျှဝေဖို့အတွက် အသုံးပြုရလွယ်ကူတဲ့ ဖုန်းမှာ အက်ပလီကေးရှင်းအသစ်တွေလည်းပါဝင်မှာမို့ စောင့်ကြည့်လေ့လာရမှာ ဖြစ်ပါတယ်။ ရှေ့ကင်မရာ ၅မဂ္ဂါပစ်ဇယ်ပါဝင်တဲ့အတွက် selfie ရိုက်ကူးလိုသူတွေ အဆင်ပြေမှာပါ။ ပုံမှန်ကင်မရာကတော့ ၁၃ မဂ္ဂါပစ်ဇယ် ရှိပါတယ်။ ဂလက်ဆီစီးရီးတွေထဲကအတိုင်း အန်းဒရွိုက်ဗားရှင်း ၄ ဖြစ်ပြီး Kitkat အမျိုးအစားဖြစ်ပါတယ်။ မြန်မာနိုင်ငံကို မတ်လအတွင်းမှာ တရားဝင် ဝင်ရောက်လာဖွယ်ရှိပြီး သူ့ရဲ့အားသာချက်ကတော့ တစ်ပတ်တစ်ခါ အက်ပလီကေးရှင်းသစ်လေးတွေ ထည့်သွင်းပေးမယ်လို့ သိရပါတယ်။

ActiveDual Wash

မျိုးဆက်သစ် အဝတ်လျှော်စက်ဖြစ်ပြီး တိုက်ချွတ်လျှော်ဖွပ်မှ ပြောင်စင်တယ်လို့ သတ်မှတ်တဲ့ မြန်မာအိမ်ရှင်မတွေအတွက် လျှော်ကန်ထဲကို မထည့်ခင် တိုက်ချွတ်လျှော်ဖွပ်ဖို့ ဇလုံကန်တစ်ဆင့်ခံထားပေးပါတယ်။ အရှေ့တောင်အာရှနိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ လူနေမှုကို အခြေခံ တည်ဆောက်ထားတယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံမှာ စတင်မိတ်ဆက်နေပြီး သကြန်မတိုင်ခင် မြန်မာဈေးကွက်ကို ဝင်ရောက်လာဖွယ်ရှိပြီး ငွေကျပ်တစ်သိန်းခွဲနီးပါးနဲ့ရောင်းချဖွယ်ရှိတယ်"လို့ ထိုင်းဆမ်ဆောင်းရုံးက သိရပါတယ်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ITPEC စာမေးပွဲအထောက်အကူပြုသင်တန်းဖွင့်မည်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ကကြီးမှူး၍ Information Technology Professionals Examination Council(ITPEC) က အသိအမှတ်ပြုစာမေးပွဲအတွက် အကြိုသင်တန်းများကို မတ် ၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဟု သိရသည်။

IT passport Fundamental IT Engineer(FE) နှင့် Applied Information Techonlogy Engineer(AP) စာမေးပွဲများ စစ်ဆေးမည့်အနက် FE စာမေးပွဲကိုဝင်ရောက် ဖြေဆိုရာတွင်အထောက်အကူဖြစ်စေရန် ဖွင့်လှစ်သည့် သင်တန်းဖြစ်သည်။

MCF

သင်တန်းကာလမှာ မတ် ၇ ရက် မှ ဧပြီ ၅ ရက်အထိ စနေ၊ တနင်္ဂနွေပိတ်ရက် ၁၀ ရက်ဖြစ်ပြီး သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်များကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၀၁-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သူရဖြိုး

日本語能力試験
JLPT
ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ(JLPT- 2015)
၁။ လျှောက်လွှာလက်ခံခြင်း (မန္တလေး)
လျှောက်လွှာလက်ခံမည့်ကာလ - 3.3.2015 – 13.3.2015 (9:00 – 17:00 , Sunday Off)
နေရာ - HITO Center
ဖုန်း - 02 31762
၂။ လျှောက်လွှာလက်ခံခြင်း (ရန်ကုန်)
လျှောက်လွှာလက်ခံမည့်ကာလ - 16.3.2015 – 24.3.2015 (9:30 – 16:00)
နေရာ - MAJA Office
ဖုန်း - 09 8612151 , 09 8613848

ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ် ဆွမ်းချက်အထကခွဲ အင္ဂမတန်း(B)မှ မောင်ထက်အာကာဖြိုးနှင့် တတိယတန်း(B)မှ မယွန်းဝတီစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ကြည် ၅/စကန(နိုင်) ၂၇၈၂၇၀ ဖြစ်ပါသည်။

ဦးခင်မောင်ကြည်
စစ်ကိုင်းမြို့နယ်၊ ပုဂံရပ်ကျေးရွာ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7657 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၆၀၈၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/1127 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

နိုင်ငံတကာအားကစား

ရိုးမားတို့ခက်ခဲဦးမယ့် စီးရီးအေပွဲစဉ်(၂၄)

မိုးမြင့်လင်းလက်

အီတလီမြေက စီးရီးအေပွဲစဉ် (၂၄) ကို ဖေဖော်ဝါရီ ၂၂ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ရိုးမားတို့ရဲ့အဝေးကွင်း ခြေစွာမှုကို မြင်တွေ့ရဦးမှာဖြစ်သလို အေစီမီလန်ရဲ့အိမ်ကွင်းမှာ အမှတ်ပြည့်ရယူနိုင်ဖို့ ဗျူဟာခင်းကျင်းမှုကိုလည်း အကဲခတ်ခွင့်ရကြဦးမှာ ဖြစ်ပါတယ်။ စိတ်ဝင်စားဖို့အကောင်းဆုံးကတော့ ပါးမားနဲ့အူဒီးနိစ်တို့ပွဲစဉ်ဖြစ်ပြီး ဘယ်အသင်းအောင်ပွဲခံမလဲဆိုတာ စိတ်ဝင်စားစွာနဲ့ အားပေးရင်ခုန်ရမှာဖြစ်ပါတယ်။

ဗီရိုနာနှင့် ရိုးမား

ပထမအကျော့ပွဲစဉ်မှာ ရိုးမားတို့နှစ်ဂိုး ပြတ်နိုင်ပွဲရခဲ့လို့ အခုပွဲမှာ ဗီရိုနာတို့ခြေကုန်ထုတ်ပြီး ရှုံးကြွေးပြန်ချေပဖို့ကြိုးစားပါလိမ့်မယ်။ အိမ်ကွင်းမှာ အဝင်အထွက်ရဲရဲနဲ့ ကစားတတ်ပြီးပြိုင်ဘက်အသင်း ကစားကွက်တည်မရအောင် ဖိအားပေးနိုင်တဲ့ ဗီရိုနာတို့ကြောင့် ရိုးမားတို့ မုန်တိုင်းထန်မယ့် အနေအထားကြုံတွေ့ရနိုင်ပါတယ်။ ရိုးမားတို့ တစ်မှတ်ရရင် ကျေနပ်ရမှာပါ။

အေစီမီလန်နှင့် ဆီစီနာ

အတက်အကျ မြန်ဆန်တဲ့ အေစီမီလန်ရဲ့ ခြေစွမ်းက အိမ်ကွင်းဆိုပေမယ့် စိတ်ပူစရာပါပဲ။ ဆီစီနာတို့က ပြိုင်ဘက်အသင်း ကစားအားကိုလိုက်ပြီး အရှိန်မြှင့် ကစားတတ်တာမို့ အိမ်ရှင်တို့သတိထားရပါလိမ့်မယ်။ပထမအကျော့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာ အေစီမီလန်တို့ အမှတ်ပြည့်ရဖို့ ခဲယဉ်းဦးမှာပါ။

ပါးမားနှင့် အူဒီးနိစ်

ပထမအကျော့ အိမ်ကွင်းမှာ အူဒီးနိစ်တို့ လေးဂိုး- နှစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း ပါးမားတို့ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဦးမှာ ဖြစ်ပါတယ်။ ပါးမားရဲ့ လက်ရှိခြေစွမ်းက အားရစရာမရှိတာမို့ အူဒီးနိစ်ရဲ့ အဝေးကွင်းအားထုတ်မှုကို စိတ်ချလိုက်ရမှာ ဖြစ်ပါတယ်။

ကက်ဂလီယာရီနှင့် အင်တာမီလန်

ပထမအကျော့မှာ ကက်ဂလီယာရီတို့ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူနိုင်ခဲ့တာမို့ အခုပွဲအိမ်ကွင်းမှာထပ်ပြီး ဖိအားပေးဦးမလားဆိုတာ စိတ်ဝင်စားစရာပါပဲ။ အင်တာမီလန်တို့က မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရတာကို အခုပွဲမှာ ပြန်လည်ချေပပြီး နိုင်ပွဲရယူဖို့ ကြိုးစားပါလိမ့်မယ်။

အမ်ပိုလီနှင့် ချီယေးဗို

ချီယေးဗိုတို့က ပထမအကျော့ တစ်ဂိုးစီ သရေပွဲရလဒ်ကို အခုပွဲမှာတော့ လက်ခံတော့မှာမဟုတ်ပါဘူး။ ဒါပေမယ့် အမ်ပိုလီတို့က အိမ်ကွင်းမှာဆိုရင် အနိုင်ရလိုစိတ်ဆူဝေနေတတ်တာမို့ အဲဒီစိတ်ဓာတ်နဲ့ ချီယေးဗိုကို ဧည့်ခံပါလိမ့်မယ်။ အကြိုက်က အမ်ပိုလီပါပဲ။

လာဇီယိုနှင့် ပါလာမို

လာဇီယိုတို့က မျှော်မှန်းချက်ကြီးမားနေပြီး ပွဲတိုင်းအမှတ်ရအောင် ကြိုးစားနေပါတယ်။ ပထမအကျော့မှာ လေးဂိုးပြတ်နိုင်ပွဲ ရယူထားတဲ့ လာဇီယိုတို့ အခုပွဲမှာလည်း အနိုင်ဆိုတာ သူတို့နဲ့ပဲထိုက်တန်တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

နာပိုလီနှင့် ဆက်ဆူအိုလို

အခုတလော ရလဒ်ကောင်းတွေကို ဆောင်ကြဉ်းနိုင်နေတဲ့ နာပိုလီတို့အတွက် ပထမအကျော့ တစ်ဂိုး-ဂိုးမရှိ အနိုင်ရလဒ်ကိုကျေနပ်မှာတော့ မဟုတ်ပါဘူး။ဆက်ဆူအိုလိုတို့အမှတ်မရနိုင်တဲ့ပွဲ ဖြစ်ပါတယ်။ ။

ရှုံးပွဲမရှိ ဖီဂူယာရိုယာကို စိန်ခေါ်တဲ့ ရစ်ကီးဘန်း

စကော့တလန်လက်ဝှေ့ကျော် ရစ်ကီးဘန်းက သူ့ရဲ့အမေရိကန်ခရီးစဉ် ပြိုင်ပွဲအဖြစ်ရှုံးပွဲမရှိ အိုမာဖီဂူယာရိုယာကို မေ ၉ ရက်မှာ ထိုးသတ်ဖို့စိန်ခေါ်လိုက်ပါပြီ။ သူတို့ရဲ့ ပြိုင်ပွဲကိုတော့ တက္ကဆက်မြို့မှာ ထိုးသတ်သွားမှာဖြစ်ပါတယ်။ အသက် ၃၁ နှစ်အရွယ် ကမ္ဘာ့ဝိတ်တန်းနှစ်ခုရဲ့ချန်ပီယံဟောင်း ရစ်ကီးဘန်းဟာ ၂၀၁၄ ခုနှစ် မတ်လအတွင်းက အမေရိကန်မှာ ထိုးသတ်ခဲ့တဲ့ပြိုင်ပွဲမှာ ခရော့ဖို့ကို ရှုံးပြီး WBC လိုက်ဝိတ်တန်းချန်ပီယံဆု လက်လွတ်ဆုံးရှုံးခဲ့ရပါတယ်။

အသက် ၂၅ နှစ်အရွယ် တက္ကဆက်မြို့သား ဖီဂူယာရိုယာကတော့ ရစ်ကီးဘန်းကို ထိုးသတ်ဖို့ အသင့်ဖြစ်နေပြီလို့ ပြိုင်ပွဲကျင်းပသူများက ပြောဆိုပါတယ်။ သူတို့နှစ်ယောက်ရဲ့ ပြိုင်ပွဲဖြစ်ဖို့ တစ်နှစ်နီးပါးကြိုးစားခဲ့ရာမှာ ယခုအခါမှာတော့ ပြိုင်ပွဲကတကယ်ဖြစ်သွားပါပြီဟု ပွဲစီစဉ်သူ အက်ဒယ်ဟမ်းက ပြောဆိုလိုက်ပါတယ်။ “ဒီပွဲက ရစ်ကီးဘန်းအတွက် အခွင့်အရေးတစ်ရပ်ပါ။ သူချန်ပီယံပြန်ဖြစ်ဖို့ အကောင်းဆုံးပွဲပါပဲ”လို့ ပြိုင်ပွဲကျင်းပသူက ဆိုပါတယ်။

ဖီဂူယာရိုယာဟာ ဩဂုတ်လ အတွင်းက အက်စထရာဒါကို ကိုးချီနဲ့ အလဲထိုးပြီးနောက် WBC လိုက် ဝိတ်တန်းချန်ပီယံဖြစ်လာခဲ့ပါတယ်။ လက်ဝှေ့လောကပရိသတ်များက သူတို့နှစ်ဦးရဲ့ပြိုင်ပွဲကို စိတ်ဝင်တစားရှိနေတာကြာခဲ့ပေမယ့် အခုအခါမှာတော့ ပြိုင်ပွဲက တကယ်ပြန်လာတော့မှာပါ။

ကောင်းမြတ်သူ-စုစည်းသည်

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံခုနစ်လုံး၊ မကွေးတိုင်းဒေသကြီးမှ သိုလှောင်ရုံသုံးလုံး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိုလှောင်ရုံတစ်လုံး၊ ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံလေးလုံး စုစုပေါင်းသိုလှောင်ရုံ ၁၅လုံးတို့အား (မြေမပါ)ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည် ဖြစ်ပါသည်-

(က) ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ ခုနစ်လုံး

Lot(1) (၁) (၈၀'×၄၀'×၁၂')(သွပ်၊ ဝါး၊ သစ်)(မြဲ-၅)ကျောင်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်
(၂) (၈၀'×၄၀'×၁၂')(သွပ်၊ သစ်၊ သစ်)(မြဲ-၁၃)ကျောင်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်

Lot(2) (၃) (၈၀'×၄၀'×၁၂')(သွပ်၊ ဝါး၊ သစ်)(မြဲ-၁၇)(မြဲ-၁၉)ကျောင်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်
(၄) (၁၄၀'×၄၀'×၁၆')(သွပ်၊ ဝါး၊ သစ်)(မြဲ-၁၈)ကျောင်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်
(၅) (၁၂၀'×၄၀'×၁၂')(အုတ်၊ အုတ်၊ ကွန်)(မြဲ-၂၀)ကျောင်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်

Lot(3) (၆) (၆၀'×၃၀'×၁၈')(သွပ်၊ သွပ်၊ သွပ်)(မြဲ-၁)ငပုတောမြို့နယ်

(ခ) မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်မှ သိုလှောင်ရုံသုံးလုံး

Lot(4) (၇) (၁၀၀'×၄၀'×၁၂')(သွပ်၊ သွပ်၊ ကွန်ကရစ်)(မြဲ-၁)(မြဲ-၂)(မြဲ-၃)အမှတ်(၁)ရပ်

(ဂ) စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်မှ သိုလှောင်ရုံ တစ်လုံး

Lot(5) (၈) (၉၆'×၃၅'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်)(ယာယီသိုရုံ)မိုးတာလေးကျေးရွာ

(ဃ) ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံလေးလုံး

Lot(6) (၉) (၁၄၄'×၅၀'×၁၂')(သွပ်၊ပျဉ်၊ပျဉ်)(မြဲ-၅၄)(မြဲ-၅၅)ဖဒိုဒေသ၊ ကျောက်တံခါးမြို့နယ်

Lot(7) (၁၀) (၁၄၄'×၅၀'×၁၂')(သွပ်၊ ပျဉ်၊ ပျဉ်)(ဖပ-၂၄)ဘူတာမြောက်ရပ်ကွက်၊ ဖြူးမြို့
(၁၁) (၈၂'×၃၇'×၁၃')(ဖိုင်ဘာ၊ ပျဉ်၊ အင်္ဂတေ)(ဖပ-၁၄)ဘူတာတောင်ရပ်ကွက်၊ ဖြူးမြို့

(င) **တင်ဒါရောင်းချရမည့်ရက်/အချိန်** - ၂၃-၂-၂၀၁၅ရက်မှ ၁၁-၃-၂၀၁၅ရက်အထိ ၉း၃၀ နာရီမှ ၁၆း၃၀နာရီအထိ

(စ) **တင်ဒါစည်းကမ်းရှင်းလင်းမည့်ရက်/အချိန်** - ၁၂-၃-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ

(ဆ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၃-၂၀၁၅ရက် မွန်းလွဲ ၁နာရီ

(ဇ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မကွေးမြို့ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့

(ဈ) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက် ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို(P.O) Cheque ဖြင့်ဖော်ပြပါ မြန်မာနိုင်ငံသားများဘဏ်(နေပြည်တော်၊ ရန်ကုန်၊ မုံရွာ)၊ မြန်မာ့စီးပွားရေးဘဏ် (ပုသိမ်၊ပဲခူး၊ မကွေး) တို့တွင် ဝယ်ယူပေးသွင်းရမည်ဖြစ်ပါသည်။

(ည) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၅၂)၊ နေပြည်တော်

(ဋ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံများ၏မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၄၂-၂၄၅၂၀၊ ၀၆၃-၂၃၁၉၉၊ ၀၇၁-၂၃၆၃၀၊ ၀၅၂-၂၁၁၀၈တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါ သည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

index2mm

ပဓေယာဦ ပြိုင်ပွဲဆုရရှိသူများ

ရဲထွန်းလင်း (၁၂/ဒဂမ(နိုင်) ၀၂၅၂၀x) မှ အထွေထွေ ပဟေဠိ

ကဏ္ဍတွင် စကားပြောခြေဆိုခြင်းသာလိုအပ်သည်ကို လုံလောက်သည်ထက်ပို၍ သိပ္ပံနည်းကျရှင်းလင်းပြသပြီး ဆုငွေ ၁၀ သိန်း ရရှိပါသည်။

မင်းရဲထွဋ် (၁၂/အစန(နိုင်) ၂၁၄၁xx) မှ ကွန်ပျူတာသိပ္ပံ ပဟေဠိ

ကဏ္ဍတွင် high level programming langauge သုံး၍ ပါးနပ်စွာဖြင့် တိုတိုတုတ်တုတ် သက်သေပြပုံကို ဆောင်ရွက်ပြသနိုင်သဖြင့် ဆုငွေ ၁၅ သိန်း ရရှိပါသည်။

နိုင်လင်းကျော် အားလည်း အဖြေတင်ပြီးသူရှိသော်လည်း ...

... ဆောင်ရွက်ချက်အဆင့်ဆင့်ပြလုပ်ပုံကို အခြားသူများလေ့လာနိုင်ရန် တင်သည့်အတွက်လည်းကျေးဇူးတင်ပါသည်။

index2mm Management

Online-ZAY.com

Mobile App Builder

index2mmMAB.com

ရောင်းမည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ရာမညလမ်း၊ တောင်/မြောက်လမ်းဆုံအနီး ပေ(၂၀×၆၀)အိမ်ပါ မြေကွက်ရောင်းမည်။ **ဖုန်း-၀၉-၄၃၁၆၇၄၅၁၊ ၀၉-၇၉၈၁၃၅၃၅၀**

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ ပွဲစားလမ်း၊ အမှတ် ၂၄၊ အိုးဘိုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆ဒီ၁)၊ မြေ ကွက်အမှတ်(V ၁၆၂) နှစ် ၆၀ မြေ ငှားစာချုပ်(ဂရန်) အမည်ပေါက် ဦးသာထွန်း မြေအား အမည်ပေါက် ဦးသာထွန်း(ဖခင်)နှင့်ဇနီး ဒေါ်သန်းသန်းတင်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးသန်းထွန်း ၁၂/ကမတ(နိုင်)၀၁၈၃၇၄၊ ဒေါ်ခင်အေးကြူ ၁၂/ကမတ(နိုင်)၀၁၉၂၁၈၊ ဦးနိုင်ဦး ၁၂/ကမတ(နိုင်)၀၁၈၃၈၂၊ ဒေါ်လှဲ့လှဲ့ဝင်း ၁၂/ကမတ(နိုင်)၀၁၉၂၁၆၊ ဒေါ်လှဲ့လှဲ့အေး ၁၂/ရကန(နိုင်)၀၁၅၅၇၉၊ ဒေါ် စန္ဒာထွန်း ၁၂/ကမတ(နိုင်)၀၁၈၃၈၁၊ ဒေါ်ခင်မြသီ ၁၂/အလန(နိုင်)၀၂၉၈၄၁၊ ဦးလှိုင်ဦး ၁၂/ကမတ(နိုင်)၀၅၅၅၁၄၊ ဒေါ်ခင်အေးသီ ၁၂/ကမတ (နိုင်)၀၁၉၂၁၇၊ ဦးဇော်လင်း ၁၂/ရကန(နိုင်)၀၂၆၉၅၂တို့က သားသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ၊ မိခင်၊ ဖခင်သေစာရင်းနှင့် အမည်ပေါက်ဂရန် မူရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်လာခြင်းမရှိပါက မြေပုံကူးလျှောက်ထားလာမှုကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)

ချမ်းသာ (မိတ္ထီလာ)

နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင်ပါဝင်သည့် လမ်းတံတား၊ အဆောက်အအုံများ စသည့် စီမံကိန်းများနှင့် ပြည်တွင်းပုဂ္ဂလိကတည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သည့် သံမဏိများကို တစ်နှစ်လျှင် တန်ချိန် နှစ်သန်းအထိ ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းနေရသည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရေးလုပ်ငန်းများတွင်မရှိမဖြစ် အသုံးပြုရမည့် သံမဏိကို ပြည်တွင်း၌ပင် ထုတ်လုပ်သုံးစွဲနိုင်ခြင်းဖြင့် သွင်းကုန်အစားထိုးဆောင်ရွက်နိုင်ပြီး နိုင်ငံခြားငွေ သက်သာခြင်း၊ နည်းပညာများရရှိနိုင်ခြင်း၊ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိရန်ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)ကို အီတလီနိုင်ငံ Danieli and C.Sp.A ကုမ္ပဏီတို့နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)တို့ ၂၀၀၄ ခုနှစ်တွင် စာချုပ်ချုပ်ဆို၍ ၂၀၁၀ ပြည့်နှစ်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။

အမှတ်(၁)သံမဏိစက်ရုံတွင် ခေတ်မီသံမဏိချက်စက်ကြီးများဖြင့် စက်ကိရိယာပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်း ၁၆ ခုကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စက်ရုံမှသံမဏိလေးထောင့်တုံးများ (Steel Billet) နှင့် သံမဏိပြား(Slab)များကို ထုတ်လုပ်လျက်ရှိပြီး ထုတ်လုပ်မှုစက်စွမ်းအားအရ တစ်နေ့လျှင် တန်ချိန် ၆၀၀ ကျော်နှင့် တစ်လလျှင် တန်ချိန် ၁၆၆၀၀၊ တစ်နှစ်လျှင် တန်ချိန် ၂၀၀၀၀၀ ထုတ်လုပ်နိုင်သည်။ ထုတ်လုပ်ပြီး Steel Billet နှင့် Slab များကို အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက တည်ဆောက်ရေးလုပ်ငန်းများအတွက် ရောင်းချဖြန့်ဖြူးပေးလျက်ရှိသည်။

အမှတ် (၁)သံမဏိစက်ရုံ (မြင်းခြံ)တွင် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို သပြေဝပင်မဓာတ်အားခွဲရုံမှ အလျားမိုင် ၇၀ ခန့်ရှိသည့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် သွယ်တန်းရယူပြီး ၂၃၀/၃၃/၁၁ ကေဗွီ (၈၅ အမ်ဗွီအေ) ထရန်စဖော်မာဖြင့်ရယူသုံးစွဲလျက်ရှိသည်။ စက်ရုံနေ့စဉ်လိုအပ်သည့် သဘာဝဓာတ်ငွေ့ပမာဏ ကုဗပေ ၂ ဒသမ ၅ သန်း၊ ဖိအား 6 to 9 bar ကို စက်ရုံအနီးမှ ဖြတ်သန်းသွားသော မကွေး-ကျောက်ဆည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ရယူသုံးစွဲလျက်ရှိသည်။ စက်ရုံ၏ စက်မှုလုပ်ငန်းသုံးရေအတွက် နေ့စဉ်ဂါလန် ၂၀၀၀၀ခန့်လိုအပ်ချက်ကို လေးလက်မစက်ရေတွင်းတစ်တွင်း၊ ၁၀ လက်မစက်ရေတွင်း လေးတွင်း စုစုပေါင်းစက်ရေတွင်း ငါးတွင်းမှ တစ်နာရီ ဂါလန် ၆၄၀၀၀ ထွက်ရှိရယူသုံးစွဲနေသည်။

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)က Steel Billet နှင့် Slab များ ထုတ်လုပ်ရန်အတွက် အဓိကကုန်ကြမ်း Cold DRI များနှင့် Steel Slab များ ထုတ်လုပ်နိုင်ရန်အတွက် တိုးချဲ့စီမံကိန်းဒုတိယအဆင့်နှင့် အမိုးပြားများထုတ်လုပ်နိုင်ရန်တိုးချဲ့စီမံကိန်း ထပ်တိုးဒုတိယအဆင့်ကို အိန္ဒိယနိုင်ငံ Danieli India ကုမ္ပဏီ၊ သံချောင်းများ၊ သံမဏိသံပေါင်များ၊ မီးရထားသံလမ်းများ၊ ဖိအားမြင့်ပိုက်များ ထုတ်လုပ်နိုင်ရန် တိုးချဲ့စီမံကိန်း တတိယအဆင့်ကို တရုတ်နိုင်ငံ Danieli Changsu. Metallurgical Equipment and Services ကုမ္ပဏီတို့နှင့် အသီးသီးစာချုပ်ချုပ်ဆို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)က စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ လွှဲပြောင်းရယူဆက်လက်လုပ်ကိုင်ခဲ့သည်။ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) တိုးချဲ့စီမံကိန်းလုပ်ငန်းများအတွက် စက်ရုံများတည်ဆောက်ရန်တည်ဆောက်ရေးပစ္စည်းများ၏ ၉၆ ရာခိုင်နှုန်းမှာ ရောက်ရှိပြီးဖြစ်ကာ စတင်တည်ဆောက်လျက်ရှိသည်။ Steel Mill Complex အသွင် တည်ဆောက်လျက်ရှိသည့် ယင်းတိုးချဲ့စီမံကိန်းလုပ်ငန်းများပြီးစီးပါက အဓိကကုန်ကြမ်းများဖြစ်သည့် Steel Billet နှင့် Steel Slab များသာမက Down-stream Product များဖြစ်သော အမိုးပြားများ၊ သံချောင်းလုံးများ၊ သံမဏိသံပေါင်များ၊ ပိုက်များ၊ မီးရထားသံလမ်းပေါင်များကို တစ်နေရာတည်းတွင်ပင် ထုတ်လုပ်ရရှိနိုင်မည်ဖြစ်သည်။ ယင်းတိုးချဲ့စီမံကိန်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် Steel Marking Plantမှ ထွက်ရှိလာမည့် ကာဗွန်ဒိုက်အောက်ဆိုက်၊ ကာဗွန်မိုနိုဆိုက်ဓာတ်ငွေ့များနှင့် အမှုန်အမွှားများ လေထုအတွင်း မရောက်ရှိစေရေးအတွက် Fume Treatment Plant တစ်ခုကို တည်ဆောက်ထားရှိသည်။ စက်ရုံတွင် အသုံးပြုလျက်ရှိသည့်ရေများကိုလည်း Cooling System အတွက်သာ အသုံးပြုပြီး သဘာဝပတ်ဝန်းကျင်သို့ စွန့်ထုတ်ခြင်းမရှိဘဲ Water Treatment Plant ဖြင့် Recirculation ပြုလုပ် အသုံးပြုလျက်ရှိသည်။ Direct Reduction Plant မှ ထွက်ရှိလာမည့် CO_2 ဓာတ်ငွေ့နှင့် အခြားဓာတ်ငွေ့များ လေထုအတွင်းမရောက်ရှိစေရေးအတွက် CO_2 Absorber Unit နှင့် Treatment Unit များ ထည့်သွင်းတည်ဆောက်ထားသည်။ Hot and Strip Complex တွင် အသုံးပြုမည့် Acid များကိုလည်း ပတ်ဝန်းကျင်တွင် စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည်အသုံးပြုနိုင်ရန် Acid Regeneration Plant များကို ထည့်သွင်းတည်ဆောက်ထား သည်။ ယင်းကြောင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)၏ တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများသည် ထုထည်ကြီးမား၍သံမဏိထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက်အဘက်ဘက်မှ စီမံဆောင်ရွက်ထားကြောင်း သိရသည်။

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် ယခုအခါ ဒေသခံပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးထားလျက်ရှိရာ မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ဝဲလောင်ဒေသများမှ ဝန်ထမ်း ၆၀၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ မိတ္ထီလာ၊ ညောင်ဦး၊ ဝမ်းတွင်းဒေသများမှ ဝန်ထမ်း၁၇၈ ဦးနှင့် အခြားဒေသများမှ ဝန်ထမ်း ၁၀၉ ဦး စုစုပေါင်း ဝန်ထမ်း ၈၉၀ ကို နည်းပညာဘွဲ့များ၊ အခြားသက်ဆိုင်ရာဘွဲ့များဖြင့် ခန့်ထားပေးပြီးဖြစ်သည်။ တိုးချဲ့စီမံကိန်းလုပ်ငန်းများပြီးစီးပါက ဝန်ထမ်း ၂၃၁၆ ဦးအထိ ရှိလာမည်ဖြစ်ရာ ယခုထက်ပိုမို၍ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ သံမဏိတင်သွင်းမှုမှာ စီမံကိန်းလုပ်ငန်းများအပါအဝင် တစ်နှစ်လျှင် သံမဏိတန်ချိန်နှစ်သန်းရှိသည်။ နိုင်ငံတကာသုံးသုံးစွဲမှုစံနှုန်းများအရ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၌ လူတစ်ဦးလျှင် တစ်နှစ်အတွက် အနည်းဆုံး သံမဏိ ၁၀၀ ကီလိုဂရမ်နှင့်အထက် အသုံးပြုလျက်ရှိသည်။ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာနိုင်ငံတွင်လူဦးရေ ၅၂ သန်းအတွက် တစ်နှစ်လျှင် သံမဏိတန်ချိန် ၅ ဒသမ ၂ သန်းခန့် လိုအပ်မည်ဖြစ်သည်။ အမှတ်(၁) သံမဏိစက်ရုံမြင်းခြံမှ ထုတ်လုပ်သော သံမဏိများသည် အရည်အသွေးကောင်းမွန်ပြီး နိုင်ငံတကာဈေးကွက်နှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း နိုင်ငံခြားပညာရှင်များကပင် လက်ခံထားပြီးဖြစ်သည်။

ထို့ကြောင့် နိုင်ငံအတွင်း လူငယ်လူရွယ်များ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာရုံမျှသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် များစွာအကျိုးပြုမည့် အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ)၏ တိုးချဲ့စီမံကိန်းလုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ သံမဏိတင်သွင်းမှုမှာ စီမံကိန်း လုပ်ငန်းများအပါအဝင် တစ်နှစ်လျှင် သံမဏိတန်ချိန်နှစ်သန်းရှိ သည်။ နိုင်ငံတကာသုံးသုံးစွဲမှုစံနှုန်းများအရ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၌ လူတစ်ဦးလျှင် တစ်နှစ်အတွက် အနည်းဆုံး သံမဏိ ၁၀၀ ကီလိုဂရမ်နှင့်အထက် အသုံးပြုလျက်ရှိသည်

ပြည်တွင်းသတင်း

ယာဉ်ကြောပိတ်ဆို့မှုအတွက် စီးတီးတက္ကစီရပ်နားမှတ်တိုင်များပြုလုပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများလျော့ကျစေရေးနှင့် ရန်ကုန်မြို့တွင်း၌ ယာဉ်သွားလာမှုရှင်းလင်းရေးတို့အတွက် အထောက်အကူပြုရန် ရန်ကုန်မြို့စီးတီးတက္ကစီများကို ယာဉ်ရပ်နားနိုင်မည့် သီးခြားမှတ်တိုင်များ ထားရှိသွားရန်စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

